အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ

## မစိုးရိမ်ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသော

# ပဋ္ဌာန်းသင်နည်းအကျဉ်းချုပ်

---

ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန၊
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၀ ကောဇာ ၁၃၃၈ မေလ ၁၉၇၆

၂၁၇၆၃

အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ

# မစိုးရိမ်ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသော

# ပဋ္ဌာန်းသင်နည်းအကျဉ်းချုပ်

---

ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန၊
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၀ ကောဇာ ၁၃၃၈ မေလ ၁၉၇၆

ထုတ်ဝေသူ။ ။ဦးသောဘန၊ အမှတ် ၃၀၊ ပတ္တမြားခြံ၊ တာဝါလိမ်း
လမ်း၊ ရန်ကုန်မြို့၊ မှတ်ပုံတင်ကင်းလွှတ်ခွင့်အမှတ်
(၀၂၈၅၃)

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၇၀၆၇)

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးလှမောင် M.A.,M.S.,B.L.
( မှတ်ပုံတင်အမှတ် ၀၇၇၉ ) က ပုံနှိပ်သည်။



အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင်,
သက်တော် ၉၆ နှစ်ရှိ မစိုးရိမ်ဆရာတော်ဘုရားကြီးပုံတော်



အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင်,သက်တော် ၉၆ နှစ်ရှိ
မစိုးရိမ်ဆရာတော်ဘုရားကြီး ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဩဝါဒပေးနေပုံ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အကုသိုလ်စိတ် ၁၂-ခု၊ နာမက္ခန္ဓာလေးပါး၊ ပစ္စယုပ္ပန် တရားတို့၏ သဟဇာတမျိုး ပစ္စည်းတရား တို့ကြောင့် ဖြစ်ပေါ် တည်နေရပုံကို ပြဆိုခြင်း.... | ၁ |
| အဟိတ်စိတ် ၁၈-ခု၊ နာမက္ခန္ဓာလေးပါး၊ ပစ္စယုပ္ပန် တရားတို့၏ သဟဇာတမျိုး ပစ္စည်းတရား တို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကို ပြဆိုခြင်း .... | ၅ |
| ကာမာဝစရသောဘဏစိတ် ၂၄-ခု၊ နာမက္ခန္ဓာ လေးပါး၊ ပစ္စယုပ္ပန်တရားတို့၏ သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကို ပြဆိုခြင်း .... .... .... | ၈ |
| ကာမစိတ် ၅၄-ပါး ဖြစ်ပေါ်တည်နေပုံ .... | ၁၃ |
| ကာမဇော မနောဒွါရိကစိတ် ဖြစ်ပေါ်တည်နေပုံ .... | ၁၉ |
| ဈာနဝီထိကို ပြဆိုခြင်း .... .... | ၃၀ |
| မဟဂ္ဂုတ် ကုသိုလ်ဇောကို ပြဆိုခြင်း.... .... | ၃၁ |
| မဟဂ္ဂုတ် ကြိယာဇောကို ပြဆိုခြင်း.... .... | ၄၀ |
| မဂ္ဂဝီထိ ဖြစ်ပေါ်လာပုံ .... .... | ၄၉ |
| မဂ္ဂါနန္တရဖိုလ်ဇော-၂၀ ဖြစ်ပေါ်လာပုံ .... | ၅၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဖိုလ်ဇော-၂၀ ဖြစ်ပေါ်လာပုံ .... .... | ၆၄ |
| အဟိတ်ပဋိသန္ဓေ ဖြစ်ပေါ်လာပုံ .... .... | ၇၅ |
| ဒွိဟိတ်ပဋိသန္ဓေ ဖြစ်ပေါ်လာပုံ .... .... | ၈၀ |
| တိဟိတ်ပဋိသန္ဓေ ဖြစ်ပေါ်လာပုံ .... .... | ၈၄ |
| ရူပပဋိသန္ဓေ ဖြစ်ပေါ်လာပုံ .... .... | ၈ |
| အရူပပဋိသန္ဓေ ဖြစ်ပေါ်လာပုံ .... .... | ၉၄ |
| အဟိတ်ဘဝင် ဖြစ်ပေါ်လာပုံ .... .... | ၉၉ |
| ဒွိဟိတ်ဘဝင် ဖြစ်ပေါ်လာပုံ .... .... | ၁၀၅ |
| တိဟိတ်ဘဝင် ဖြစ်ပေါ်လာပုံ .... .... | ၁၁၀ |
| ရူပဘဝင် ဖြစ်ပေါ်လာပုံ .... .... | ၁၁၆ |
| အရူပဘဝင် ဖြစ်ပေါ်လာပုံ .... .... | ၁၂၂ |
| အဟိတ်စုတိစိတ် ဖြစ်ပေါ်လာပုံ .... .... | ၁၂၆ |
| ဒွိဟိတ်စုတိစိတ် ဖြစ်ပေါ်လာပုံ .... .... | ၁၂၉ |
| တိဟိတ်စုတိစိတ် ဖြစ်ပေါ်လာပုံ .... .... | ၁၃၁ |
| ရူပစုတိစိတ် ဖြစ်ပေါ်လာပုံ .... .... | ၁၃၃ |
| အရူပစုတိစိတ် ဖြစ်ပေါ်လာပုံ .... .... | ၁၃၅ |
| ရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံ .... .... | ၁၃၇ |
| ပဋိသန္ဓေကမ္မဇရုပ် ဖြစ်ပေါ်တည်နေပုံ .... | ၁၅၃ |

# ပဋ္ဌာန်းသင်နည်း အကျဉ်းချုပ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အကုသိုလ်စိတ် ၁၂-ခု နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့၏ သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကို ပြဆိုခြင်း

လောဘမူစိတ် ၈-ခု နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့ကို (ဧ) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ- ဤ (၁၃) ပစ္စည်းတို့ဖြင့်သာ ဟောတော်မူ၏။

ဟောဟန်ကား— အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ (ဧ) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိဓိ)။

အကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား— အဓိပတိတရားကိုယ်နှင့် စေတနာကြဉ်သော လောဘမူစိတ် ၈-ခု နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော လောဘမူစိတ် ၈-ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၂၊ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်း

တရားတို့၏ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၆)။

(ခ) သမ္ပယုတ္တ ခန္ဓာအားကျေးဇူးပြုတတ်သော လောဘမူစိတ် ၈-ခု နာမက္ခန္ဓာ၌ရှိသော လောဘ မောဟ၊ ဤဟိတ်နှစ်ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ ဆန္ဒ ဝိရိယ စိတ်သုံးပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အဓိပတိသတ္တိ၊ စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဉ် နာမ်အာဟာရသုံးပါး ပစ္စည်းတရားတို့၏ အာဟာရ သတ္တိ၊ ဇီဝိတ စိတ် ဝေဒနာ ဝိရိယ ဧကဂ္ဂတာ နာမ်ဣန္ဒြေငါးပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊ သော-မနဿသဟဂုတ်စိတ် လေးခုဖြစ်အံ့ ဈာနင်ငါးပါး၊ ဥပေက္ခာ-သဟဂုတ်စိတ်လေးခုဖြစ်အံ့ ပီတိကြဉ်ဈာနင်လေးပါး ပစ္စည်းတရားတို့၏ ဈာန သတ္တိ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခုဖြစ်အံ့ ဝိတက် ဝိရိယ ဧကဂ္ဂတာ ဒိဋ္ဌိ မဂ္ဂင်လေးပါး၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခုဖြစ်အံ့ ဝိတက် ဝိရိယ ဧကဂ္ဂတာ မဂ္ဂင်သုံးပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁၃)။

**ဒေါသမူဒွေး** နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့ကို (၆) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ-ဤ (၁၃) ပစ္စည်းတို့၌သာ ဟောဖော်မူ၏။

**ဟောဟန်ကား**—အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ (၆) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိမိ)။

အကုသလံ ကော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား**—အဓိပတိတရားကိုယ်နှင့် စေတနာကြဉ်သော ဒေါသမူဒွေး နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ဒေါသမူဒွေး၊ လောဘ ဒိဋ္ဌိ မာန ဝိစိကိစ္ဆာ ပီတိကြဉ်သော စေတသိက် ၂၂၊ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ (၆)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ဒေါသမူဒွေး နာမက္ခန္ဓာ၌ရှိသော ဒေါသ မောဟ ဤဟိတ်နှစ်ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ ဆန္ဒ ဝီရိယ စိတ် သုံးပါးတို့တွင် တပါးပါးပစ္စည်းတရားတို့၏ အဓိပတိသတ္တိ၊ စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဉ် နာမ် အာဟာရသုံးပါးပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ နာမ်ဣန္ဒြေငါးပါးပစ္စည်း တရားတို့၏ ဣန္ဒြိယသတ္တိ၊ ပီတိကြဉ် ဈာနင် လေးပါးပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဝိတက် ဝီရိယ ဧကဂ္ဂတာ မဂ္ဂင်သုံးပါးပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့်ဖြစ်ပေါ် တည်နေရကုန်၏ (၁၃)။

**မောဟမူဒွေး** နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့ကို (၆)ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ-ဤ ၁၂-ပစ္စည်း တို့၌သာ ဟောတော်မူ၏။

**ဓဟာဟန်ကား**—အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ (၆) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိဝိ)။

အကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား**—မောဟနှင့် စေတနာကြဉ်သော မောဟမူဒွေး နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်–

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မောဟမူဒွေး၊ လောဘ ဒိဋ္ဌိ မာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ထိန မိဒ္ဓ ဆန္ဒ ပီတိ ကြဉ်သော စေတသိက် ၁၆၊ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၆)၊

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မောဟမူဒွေး နာမက္ခန္ဓာ၌ ရှိသော မောဟပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဉ် နာမ်အာဟာရသုံးပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်ဖြစ်အံ့ ဇီဝိတ စိတ် ဝေဒနာ ဝိရိယ နာမ်ဣန္ဒြေလေးပါး၊

ဥဒ္ဓစ္စသမ္ပယုတ်စိတ်ဖြစ်အံ့ ဇီဝိတ စိတ် ဝေဒနာ ဝိရိယ ဧကဂ္ဂတာ နာမ်ဣန္ဒြေငါးပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊ ပီတိကြဉ် ဈာနင်လေးပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ဖြစ်အံ့ ဝိတက် ဝိရိယ မဂ္ဂင် ၂-ပါး၊ ဥဒ္ဓစ္စသမ္ပယုတ်စိတ်ဖြစ်အံ့ ဝိတက် ဝိရိယ ဧကဂ္ဂတာ မဂ္ဂင်

သုံးပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ပေါ် တည် နေရကုန်၏ (၁၂)။

---

## အဟိတ်စိတ် (၁၈)ခု နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့၏ သဟဇာတမျိုးပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကို ပြဆိုခြင်း

ဒွေ့ ပဥ္စဝိညာဏ် (၁၀) နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန် တရားတို့ကို (၇) ကမ္မ အာဟာရ ဣန္ဒြိယ ဤ (၁၀) ပစ္စည်း တို့ဉ်သာ ဟောတော်မူ၏။

**ဟောဟန်ကား—** အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ကမ္မ အာဟာရ ဣန္ဒြိယပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနု- ဝါဒ)။

**အဓိပ္ပါယ်ကား—** စေတနာကြဉ်သော ဒွေ့ ပဥ္စဝိညာဏ် (၁၀) နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ဒွေ့ ပဥ္စ ဝိညာဏ် (၁၀) သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) အစိတ် အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၇)။

( ၁ ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ဒွေး ပဉ္စဝိညာဏ် (၁၀) နာမက္ခန္ဓာ၃ရှိသော စေတနာပစ္စည်းတရား တို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ် နာမ် အာဟာရသုံးပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဇီဝိတ စိတ် ဝေဒနာ နာမ်ဣန္ဒြေသုံးပါးပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁၀)။

သမ္ပဋိစ္ဆိုန်း ဒွေး သန္တီရဏစိတ်သုံးခု နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့ကို (၇) ကမ္မ အာဟာရ ဣန္ဒြိယ ဈာန ဤ (၁၁) ပစ္စည်းတို့ဩသာ ဟောတော်မူ၏။

**ဟောဟန်ကား**—အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ကမ္မ အာဟာရ ဣန္ဒြိယ ဈာန ပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား**— စေတနာကြဉ်သော သမ္ပဋိစ္ဆိုန်း ဒွေး သန္တီရဏ ၃-ခု နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်–

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော သမ္ပ-ဋိစ္ဆိုန်းဒွေး၊ သန္တီရဏ ၃-ခု၊ ဆန္ဒ ဝီရိယကြဉ် အညသမာန်း စေတသိက် ၁၁၊ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၇)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော သမ္ပ-ဋိစ္ဆိုန်းဒွေး သန္တီရဏ ၃-ခု နာမက္ခန္ဓာ၌ရှိသော စေတနာ ပစ္စည်းတရားတို့၏ သဟဇာတ ကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဉ် နာမ်အာဟာရသုံးပါး ပစ္စည်းတရားတို့၏ အာဟာရ သတ္တိ၊ ဇီဝိတ စိတ် ဝေဒနာ နာမ်ဣန္ဒြေသုံးပါး ပစ္စည်းတရား တို့၏ ဣန္ဒြိယသတ္တိ၊ သောမနဿသဟဂုတ်သန္တီရဏဖြစ်အံ့ ဈာနင် ၅-ပါး၊ သမ္ပဋိစ္ဆိုန်းဒွေး ဥပေက္ခာသဟဂုတ်သန္တီရဏ ဖြစ်အံ့ ပီတိကြဉ် ဈာနင် ၄-ပါး ပစ္စည်းတရားတို့၏ ဈာန သတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၁၁)။

အဟိတ်ကြိယာစိတ် သုံးခု နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန် တရားတို့ကို (၆) ကမ္မ အာဟာရ ဣန္ဒြိယ ဈာန၊ ဤ ၁၀-ပစ္စည်းတို့၌သာ ဟောတော်မူ၏။

**ဟောဟန်ကား**—အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၆) ကမ္မ အာဟာရ ဣန္ဒြိယ ဈာန ပစ္စယာ (ဝိဓိ)။

ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား**— စေတနာကြဉ်သော အဟိတ်ကြိယာ စိတ်၃-ခု၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်–

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အဟိတ် ကြိယာ စိတ်၃-ခု၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက်

၁၂၊ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်း တရားတို့၏ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ (၆)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော အဟိတ် ကြိယာစိတ် ၃-ခု နာမက္ခန္ဓာ၌ရှိသော စေတနာပစ္စည်း တရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဉ် နာမ် အာဟာရသုံးပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊

ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်အံ့ ဇီဝိတ စိတ် ဝေဒနာ နာမ်ဣန္ဒြေ သုံးပါး၊ မနောဒွါရာဝဇ္ဇန်း ဟသိတုပ္ပါဒ်စိတ်ဖြစ်အံ့ ဇီဝိတ စိတ် ဝေဒနာ ဝိရိယ ဧကဂ္ဂတာ နာမ်ဣန္ဒြေငါးပါးပစ္စည်းတရား တို့၏ ဣန္ဒြိယသတ္တိ၊ ဟသိတုပ္ပါဒ်စိတ်ဖြစ်အံ့ ဈာနင်ငါးပါး၊ ပဉ္စဒွါရာဝဇ္ဇန်း မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်အံ့ ပီတိကြဉ် ဈာနင် လေးပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၁၀)။

---

**ကာမာဝစရသောဘဏစိတ် ၂၄-ခု၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့၏ သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ် တည်နေရပုံကို ပြဆိုခြင်း**

မဟာကုသိုလ်စိတ် ၈-ခု၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန် တရားတို့ကို (၆) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊ ဤ ၁၃-ပစ္စည်းတို့၌သာ ဟောတော်မူ၏။

**ဟောဟန်ကား**—ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ (၆) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိဓိ)။

ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—အဓိပတိ တရားကိုယ်နှင့် စေတနာကြဉ်သော မဟာကုသိုလ် စိတ် ၈-ခု နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟာကုသိုလ်စိတ် ၈-ခု စေတသိက် ၃၈၊ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၆)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟာကုသိုလ်စိတ် ၈-ခု၊ နာမက္ခန္ဓာ၌ရှိသော ဒွိဟိတ်ကုသိုလ်လေးခုဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ်ကုသိုလ်လေးခုဖြစ်အံ့ အလောဘ အဒေါသ အမောဟ—ဤ ဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ ဒွိဟိတ်ကုသိုလ်လေးခုဖြစ်အံ့ ဆန္ဒ ဝီရိယ စိတ်၊ တိဟိတ်ကုသိုလ်လေးခုဖြစ်အံ့ ဆန္ဒ ဝီရိယ စိတ် ဝီမံသ-သုံးပါးလေးပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အဓိပတိသတ္တိ၊ စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဉ် နာမ်အာဟာရ သုံးပါးပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဒွိဟိတ်ကုသိုလ်လေးခုဖြစ်အံ့ ပညာကြဉ် နာမ်ဣန္ဒြေ(၇)ပါး၊ တိဟိတ်ကုသိုလ်လေးခုဖြစ်အံ့ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ နာမ်ဣန္ဒြေ(၈)ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊ သောမနဿ-သဟဂုတ်စိတ်လေးခုဖြစ်အံ့ ဈာနင်ငါးပါး၊ ဥပေက္ခာသဟဂုတ်စိတ် လေးခုဖြစ်အံ့ ပီတိကြဉ် ဈာနင်လေးပါး ပစ္စည်းတရား

တို့၏ ဈာနသတ္တိ၊ ဒွိဟိတ်ကုသိုလ်လေးခု ဖြစ်အံ့ ပညာကြဉ် မဂ္ဂင်(၇)ပါး၊ တိဟိတ်ကုသိုလ်လေးခုဖြစ်အံ့ ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝိရိယ သတိ ဧကဂ္ဂ-တာမဂ္ဂင်(၈)ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ပေါ် တည်ခနေရကုန်၏ (၁၃)။

မဟာဝိပါက်စိတ် ၈-ခု၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရား တို့ကို (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ—ဤ ၁၃-ပစ္စည်းတို့သည် ဟောတော်မူ၏။

**ဟောဟန်ကား—** အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနု-ဝါဒ)။

**အဓိပ္ပါယ်ကား—** စေတနာကြဉ်သော မဟာဝိပါက်စိတ် ၈-ခု၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟာ ဝိပါက်စိတ် ၈-ခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟ-ဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ (၇)၊

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟာ ဝိပါက်စိတ် ၈-ခု နာမက္ခန္ဓာ၌ရှိသော ဒွိဟိတ်ဝိပါက် လေးခု

ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ် ဝိပါက်လေးခု ဖြစ်အံ့ အလောဘ အဒေါသ အမောဟ–ဤ ဟိတ်နှစ်ပါး, သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဉ် နာမ် အာဟာရ သုံးပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဒွိဟိတ်ဝိပါက် လေးခုဖြစ်အံ့ ပညာကြဉ် နာမ်ဣန္ဒြေ(၇)ပါး၊ တိဟိတ်ဝိပါက် လေးခုဖြစ်အံ့ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝိရိယ သတိ ဧကဂ္ဂ-တာ ပညာ နာမ် ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယ သတ္တိ၊ သောမနဿသဟဂုတ်စိတ် လေးခုဖြစ်အံ့ ဈာနင်ငါးပါး၊ ဥပေက္ခာသဟဂုတ်စိတ်လေးခုဖြစ်အံ့ ပီတိကြဉ်ဈာနင်လေးပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဒွိဟိတ်ဝိပါက် လေးခု ဖြစ်အံ့ ဝိရတိ ပညာကြဉ် မဂ္ဂင်လေးပါး၊ တိဟိတ်ဝိပါက်လေးခုဖြစ်အံ့ ဝိရတိကြဉ် မဂ္ဂင်ငါးပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁၃)။

မဟာကြိယာစိတ် ၈-ခု၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန် တရားတို့ကို (၆) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ-ဤ ၁၃-ပစ္စည်းတို့ဖြင့်သာ ဟောတော်မူ၏။

**ဟောဟန်ကား**—အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၆) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ(ဝိဓိ)။

ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—** အဓိပတိတရားကိုယ်နှင့် စေတနာကြဉ်သော မဟာကြိယာစိတ် ၈-ခု၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟာကြိယာစိတ် ၈-ခု ဝိရတိကြဉ် စေတသိက် ၃၅၊ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၆)၊

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟာကြိယာစိတ် ၈-ခု၊ နာမက္ခန္ဓာ၌ရှိသော ဒွိဟိတ်ကြိယာ လေးခုဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ်ကြိယာ လေးခုဖြစ်အံ့ အလောဘ အဒေါသ အမောဟ—ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ ဒွိဟိတ်ကြိယာလေးခု ဖြစ်အံ့ ဆန္ဒ ဝိရိယ စိတ်၊ တိဟိတ်ကြိယာ လေးခုဖြစ်အံ့ ဆန္ဒ ဝိရိယ စိတ် ဝီမံသ-သုံးပါး လေးပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အဓိပတိသတ္တိ၊ စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဉ် နာမ်အာဟာရသုံးပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဒွိဟိတ်ကြိယာ လေးခုဖြစ်အံ့ ပညာကြဉ် နာမ်ဣန္ဒြေ (၇)ပါး၊ တိဟိတ်ကြိယာ လေးခုဖြစ်အံ့ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝိရိယ သတိ ဧကဂ္ဂ-တာ ပညာ နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယ-သတ္တိ၊ သောမနဿသဟဂုတ် စိတ်လေးခုဖြစ်အံ့ ဈာနင်ငါးပါး၊ ဥပေက္ခာသဟဂုတ် စိတ်လေးခုဖြစ်အံ့ ပီတိကြဉ်ဈာနင်လေးပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဒွိဟိတ်ကြိယာ လေးခုဖြစ်အံ့ ဝိရတိ ပညာကြဉ်မဂ္ဂင်လေးပါး၊ တိဟိတ်ကြိယာ လေးခုဖြစ်အံ့

ဝိရတီကြဉ် မဂ္ဂင်ငါးပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၁၃)။

## ကာမစိတ် ၅၄-ပါး ဖြစ်ပေါ်တည်နေပုံ

ဝိထိဝိတ္တာနိ သတ္တေဝ၊ စိတ္တုပ္ပါဒါ စတုဒ္ဒသ။
စတုပညာသ ဝိတ္ထာရာ၊ ပဉ္စဒ္ဒါရေ ယထာရဟံ။

ပဉ္စဒ္ဒါရိကဝိထိစိတ်တို့သည် အကျဉ်းအားဖြင့် (၇)၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ ဝုဋ္ဌော ဇော တဒါရုံတည်း။

စိတ္တုပ္ပါဒ်၏ အစွမ်းအားဖြင့်ကား (၁၄)၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ ဝုဋ္ဌော ပဌမဇော ဒုတိယဇော တတိယဇော စတုတ္ထဇော ပဉ္စမဇော ဆဋ္ဌဇော သတ္တမဇော ပဌမတဒါရုံ ဒုတိယတဒါရုံတည်း။ အကျယ်အားဖြင့်ကား ကာမစိတ် (၅၄)ပါး တို့ပင်တည်း။

မေး။ ။ပဉ္စဒ္ဒါရိကဝိထိစိတ် (၅၄) ပါး ပစ္စယုပ္ပန် တရားတို့သည် အဘယ်အာရုံပစ္စည်းတရားတို့၏ အဘယ်သတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်သနည်း။

ဖြေ။ ။ထို ပဉ္စဒ္ဒါရိကဝိထိစိတ် (၅၄)ပါးတို့တွင် သာမန်အားဖြင့် အာရုံပြုတတ်သော စက္ခုဒ္ဒါရိကဝိထိစိတ် (၄၆) နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် ရူပါရုံပစ္စည်းတရားတို့၏ အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၄)။

အလေးအမြတ်အားဖြင့် အာရုံပြုတတ်သောလောဘမူစိတ် (၈) ခု နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် ရူပါရုံတရားတို့၏ အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆) (၁)။

သာမာန်အားဖြင့် အာရုံပြုတတ်သော ကာယဒွါရိကဝီထိစိတ် (၄၆) နာမက္ခန္ဓာ လေးပါး ပစ္စယုပ္ပန်တရား တို့သည် သာမာန်အားဖြင့်အာရုံပြုအပ်သော ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံပစ္စည်းတရားတို့၏ အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၄)။ အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော လောဘမူစိတ် (၈) ခု နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် အလေးအမြတ်အားဖြင့် အာရုံပြုအပ်သောပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံပစ္စည်းတရားတို့၏ အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆)။

မေး။ ။ပဉ္စဒွါရိကဝီထိစိတ် (၅၄) ပါး ပစ္စယုပ္ပန်တရားတို့သည် အဘယ်အနန္တရမျိုး ပစ္စည်းတရားတို့၏ အဘယ်သတ္တိကြောင့် ဖြစ်ပေါ်လာရကုန်သနည်း။

ဖြေ။ ။ထိုပဉ္စဒွါရိကဝီထိစိတ် (၅၄)ပါးတို့တွင် ပဉ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပဉ္စဝေါကာရဘဝင်ပစ္ဆေဒ (၁၅)ခု နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်လာရကုန်၏ (၅)။

သမ္ပဋိစ္ဆိုန်း ၅၊ သန္တီရဏ ၅၊ ဝုဋ္ဌော ၅၊ ပဌမဇော ၅၊ ဒုတိယဇော ၆၊ တတိယဇော ၆၊ စတုတ္ထဇော ၆၊ ပဉ္စမဇော ၆၊ ဆဋ္ဌဇော ၆၊ သတ္တမဇော နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရား တို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဆဋ္ဌဇော နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်လာရကုန်၏။ (၆)။ ပဌမတဒါရုံ (၅)။ ဒုတိယတဒါရုံ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီး သော ပဌမတဒါရုံ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်လာရ ကုန်၏၊ (၅)။

မေး။ ။ပဉ္စဒွါရိကဝီထိစိတ် (၅၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အဘယ်ဝတ္ထုမျိုး ပစ္စည်းတရားတို့၏ အဘယ်သတ္တိ ကြောင့် ဖြစ်ပေါ်တည်နေရကုန်သနည်း။

ဖြေ။ ။ထိုပဉ္စဒွါရိကဝီထိစိတ် (၅၄)ပါးတို့တွင် ပဉ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်—

ပဉ္စဝေါကာရဘဝဂ်ုပစ္ဆေဒ (၁၅) နာမက္ခန္ဓာတို့၏ ဥပါဒ် ခဏနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်း တရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

စက္ခုဝိညာဏ်ဒွေး နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့ သည် ရှေးဦးအစ အတီတဘဝင်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍

ဖြစ်သော မဇ္ဈိမာယုက စက္ခုဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆) (ပ)။

ကာယဝိညာဏ်ဒွေး နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့ သည် ရှေးဦးအစ အတီတဘဝင်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော မဇ္ဈိမာယုက ကာယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆)။

သမ္ပဋိစ္ဆိုန်းဒွေး နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့ သည် ပဉ္စဝိညာဏ်နာမက္ခန္ဓာတို့၏ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ် သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသည် ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူ ပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၅)။

သန္တီရဏ ၅၊ ဝုဋ္ဌော ၅၊ ပဌမဇော ၅၊ ဒုတိယဇော ၅၊ တတိ ယဇော ၅၊ စတုတ္ထဇော ၅၊ ပဉ္စမဇော ၅၊ ဆဋ္ဌဇော ၅၊ သတ္တ မဇော ၅၊ ပဌမတဒါရုံ ၅၊ ဒုတိယတဒါရုံ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ပဌမတဒါရုံ နာမက္ခန္ဓာတို့၏ ဥပါဒ် ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

မေး။ ။ပဋိသန္ဓေဒွါရိကဝီထိစိတ် (၅၄)ပါးတို့တွင် ကာမဝိပါက် (၂၃) နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် အဘယ် နာနာက္ခဏိကကမ္မမျိုး ပစ္စည်းတရားတို့၏ အဘယ် သတ္တိကြောင့် ဖြစ်ပေါ်လာရကုန်သနည်း။

ဖြေ။ ။ထို ကာမဝိပါက်(၂၃)ခုတို့တွင် အကုသလဝိပါက်ပဉ္စဝိညာဏ်(၅)၊ အကုသလဝိပါက် သမ္ပဋိစ္ဆိုန်း(၁)၊ အကုသလဝိပါက် သန္တီရဏ(၁)၊ အကုသလဝိပါက် တဒါရုံ(၁)၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော အတိတ်အကုသိုလ်ကံ (၁၂)ပါး ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မပကတူပနိဿယ သတ္တိကြောင့် ဖြစ်ပေါ်လာရကုန်၏(၂)။

ကုသလဝိပါက် ပဉ္စဝိညာဏ်(၅)၊ ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း(၁)၊ ကုသလဝိပါက်သန္တီရဏ(၂)၊ ကုသလဝိပါက်တဒါရုံ(၁၀)၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန် တရားတို့သည် ဗလဝဖြစ်သော အတိတ်ကာမကုသိုလ် ကံ(၈)ပါး ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်လာရကုန်၏(၂)။

မေး။ ။ပဋိသန္ဓေဒွါရိကဝီထိစိတ် (၅၄)ပါးတို့တွင် (က) မဟာကုသိုလ်ဇော (၈)၊ (ခ) အကုသိုလ်ဇော (၁၂)၊ (ဂ)ပဉ္စဒွါရာဝဇ္ဇန်း(၁)၊ ဒွေးပဉ္စဝိညာဉ်(၁၀)၊ သမ္ပဋိစ္ဆိုန်းဒွေး၊ သန္တီရဏစိတ်(၃)၊ ဝုဋ္ဌော(၁)၊ ကာမကြိယာဇော(၉)၊ တဒါရုံကိစ္စတပ်ခိုက်ဖြစ်သော မဟာဝိပါက်စိတ် (၈)၊ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည်

အဘယ် ပကတူပနိဿယပစ္စည်းတရားတို့၏ အဘယ် သတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်သနည်း။

ဖြေ။ ။(က) မဟာကုသိုလ်ဇော(၈)၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သောစိတ်(၈၇) စေတသိက်(၅၂) ရုပ်(၂၈) ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ် ပစ္စည်း တရားတို့၏ ပကတူပနိဿယ သတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

(ခ) အကုသိုလ်ဇော(၁၂) နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် (၈၁) စေတသိက်(၅၂) ရုပ်(၂၈) ပစ္စည်း ဖြစ်ထိုက် သော အချို့သော ပညတ် ပစ္စည်းတရားတို့၏ ပကတူပ နိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

(ဂ) ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ဒွေးပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုန်းဒွေး၊ သန္တီရဏစိတ် ၃၊ ဝုဋ္ဌော ၁၊ ကာမ ကြိယာဇော ၉၊ တဒါရုံကိစ္စ တပ်ခိုက်ဖြစ်သော မဟာ ဝိပါက်စိတ် ၈၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန် တရား တို့သည် ဗလဝဖြစ်သောစိတ်(၈၉) စေတသိက်(၅၂) ရုပ်(၂၈) ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ် ပစ္စည်း တရားတို့၏ ပကတူပနိဿယ သတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

## ကာမဇော မနောဒွါရိကစိတ် ဖြစ်ပေါ်တည်နေပုံ

ဝီထိစိတ္တာနိ တီဏေဝ၊ စိတ္တုပ္ပါဒါ ဒသေရိတာ။
ဝိတ္ထာရေန ပနေတ္ထေက၊ စတ္တာလီသ ဝိဘာဝယေ။

ကာမဇောမနောဒွါရိကဝီထိစိတ်တို့သည် အကျဉ်းအားဖြင့်ကား (၃) မနောဒွါရာဝဇ္ဇန်း ဇော တဒါရုံတည်း။

စိတ္တုပ္ပါဒ်၏အစွမ်းအားဖြင့်ကား(၁၀)။ ၁–မနောဒွါရာဝဇ္ဇန်း၊ ၂–ပဌမဇော၊ ၃–ဒုတိယဇော၊ ၄–တတိယဇော၊ ၅–စတုတ္ထဇော၊ ၆–ပဥ္စမဇော၊ ၇–ဆဋ္ဌဇော၊ ၈–သတ္တမဇော၊ ၉–ပဌမတဒါရုံ၊ ၁၀–ဒုတိယ တဒါရုံတည်း။

အကျယ်အားဖြင့်ကား (၄၁)၊ မနောဒွါရာဝဇ္ဇန်း ကာမဇော ၂၉ တဒါရုံ ၁၁-တည်း။

မေး။ ။ကာမဇော မနောဒွါရိကဝီထိစိတ် (၄၁)ပါး ပစ္စယုပ္ပန် တရားတို့သည် အဘယ် အာရမ္မဏမျိုး ပစ္စည်းတရားတို့၏ အဘယ်သတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်သနည်း။

ဖြေ။ ။ထိုကာမဇော မနောဒွါရိကဝီထိစိတ် (၄၁) ပါးတို့တွင် သာမန်အားဖြင့် အာရုံပြုတတ်သော ဟသိတုပ္ပါဒ် တဒါရုံ (၁၁) နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်–

(၁) ရုံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ကာမစိတ် ၅၄၊ စေတသိက် ၅၂၊ အတိတ် အနာဂတ်

နိပ္ဖန္နရုပ် (၁၈) တေကာလိကအနိပ္ဖန္နရုပ် (၁၀) ဤကာမအာရုံ ၆-ပါးတို့တွင် တပါးပါးသော အာရုံပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

(၂) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈)၊ ဤအာရုံ ၆-ပါးတို့တွင် တပါးပါး သော အာရုံပစ္စည်းတရားတို့၏ အာရမ္မဏ ပုရေဇာ-တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရ ကုန်၏ (၄)။

(၃) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇) ချက် မြောက်သောစိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ် သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ အာရမ္မဏ နိဿ-ယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆)။ ပဋ္ဌဝိသပရိတ္တမို၊ ထောက်။

(၁) သာမန်အားဖြင့် အာရုံပြုတတ်သော အကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄၊ မဟာကြိ ယာဉာဏဝိပ္ပယုတ်စိတ် ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ အတိတ် အနာဂတ် နိပ္ဖန္နရုပ် (၁၈)၊ တေကာလိက အနိပ္ဖန္နရုပ် ၁၀၊ ပညတ်၊ ဤအာရုံ (၆) ပါးတို့တွင် တပါးပါးသော အာရုံ ပစ္စည်းတရားတို့၏ အာရမ္မဏ သတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

(၂) ရုံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ်(၁၈)၊ ဤအာရုံ (၆) ပါးတို့တွင် တပါးပါး သောအာရုံပစ္စည်းတရားတို့၏ အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ် တည်နေရ ကုန်၏ (၄)။

(၃) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ် သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ ကြောင့် ဖြစ်ပေါ်တည်နေရကုန် (၆)။ ဝိသာနုတ္တရ- မုတ္တမှ၊ ထောက်။

(၁) သာမန်အားဖြင့် အာရုံပြုအပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စ- ယုပ္ပန်တရားတို့သည်–

ရုံခါ သာမန်အားဖြင့် အာရုံပြုအပ်သော အရ ဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သောစိတ် (၈၇) စေတ သိက် (၅၂) အတိတ် အနာဂတ် နိပ္ဖန္နရုပ် (၁၈) လောကာလိကအနိပ္ဖန္နရုပ် (၁၀) ပညတ်၊ ဤအာရုံ (၆) ပါးတို့တွင် တပါးပါးသော အာရုံပစ္စည်းတရား တို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ်တည်နေရ ကုန်၏ (၁)။

(၂) ရုံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈)၊ ဤအာရုံ (၆) ပါတို့တွင် တပါးပါး

သော အာရုံပစ္စည်းတရားတို့၏ အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၄)။

(၃) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက် သောစိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၆)။ အဂ္ဂမဂ္ဂဖလလုဗ္ဗိတော ပစ္စ- ထောက်။

(၁) သာမန်အားဖြင့် အာရုံပြုတတ်သော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည်—

ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော စိတ် (၈၉) စေတသိက် (၅၂) အတိတ်အနာဂတ် နိပ္ဖန္နရုပ် (၁၈) လောကာလိကအနိပ္ဖန္နရုပ် (၁၀) နိဗ္ဗာန် ပညတ်၊ ဤအာရုံ (၆)ပါးတို့တွင် တပါးပါးသော အာရုံပစ္စည်း တရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ်တည်နေ ရကုန်၏ (၁)။

(၂) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈)၊ ဤအာရုံ (၆) ပါးတို့တွင် တပါးပါး သော အာရုံ ပစ္စည်းတရားတို့၏ အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန် ၏ (၄)။

(၃) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇)ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်း တရားတို့၏ အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆)။ သဗ္ဗတ္ထဒေသစေ့တိ၊ ထောက်။

(၁) သာမန်အားဖြင့် အာရုံပြုအပ်သော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် (၄)ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည်–

ရုံခါ သာမန်အားဖြင့် အာရုံပြုအပ်သော စိတ် (၈၉) စေတသိက် (၅၂) အတိတ် အနာဂတ် နိဗ္ဗာန ရုပ် (၁၈) လောကာလိကအနိပ္ဖန္နရုပ် (၁၀) ပညတ်၊ ဤအာရုံ (၆) ပါးတို့တွင် တပါးပါးသော အာရုံ ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

(၂) ရုံခါသာမန် အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈)၊ ဤအာရုံ (၆) ပါးတို့တွင် တပါးပါးသော အာရုံပစ္စည်း တရားတို့၏ အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၄)။

(၃) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍

ဖြစ်သော ဟာဒယဝတ္ထုပစ္စည်း တရားတို့၏ အာရမ္မဏ
နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ
ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆)။ သဗ္ဗတ္ထ-
ဆေစ္စေတိ၊ ထောက်။

(၁) အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော လောဘ
မူစိတ် (၈)ခု နာမက္ခန္ဓာ (၄) ပါး ပစ္စယုပ္ပန်တရား
တို့သည်–

ရုံခါအလေး အမြတ်အားဖြင့် အာရုံပြုအပ်သော
ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယ
ဝိညာဏ်ကြဉ်သော လောကီစိတ် (၇၆) ဒေါစတုတ်
၄၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် (၄၇)၊ အတိတ်
အနာဂတ်နိပ္ဖန္နရုပ် (၁၈)၊ ဤအာရုံ (၆) ပါးတို့တွင်
တပါးပါးသောအာရုံ ပစ္စည်းတရားတို့၏ အာရမ္မဏ
အဓိပတိ ဥပနိဿယသတ္တိကြောင့် ဖြစ်ပေါ် တည်နေ
ရကုန်၏ (၃)။

(၂) ရုံခါအလေး အမြတ်အားဖြင့် အာရုံ ပြုအပ်သော
ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈)၊ ဤအာရုံ (၆) ပါးတို့တွင်
တပါးပါးသော အာရုံပစ္စည်းတရားတို့၏ အာရမ္မဏ
အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ
ကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၆)။

(၃) မရဏာသန္နအခါ အလေးအမြတ် အားဖြင့် အာရုံ
ပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)
ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍
ဖြစ်သော ဟာဒယဝတ္ထုပစ္စည်း တရားတို့၏ အာရမ္မဏ

အဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၈)။

(၁) အလေးအမြတ် အားဖြင့် အာရုံပြုအပ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄ ခု နာမက္ခန္ဓာ (၄) ပါး ပစ္စယုပ္ပန် တရားတို့သည် အလေးအမြတ် အားဖြင့် အာရုံပြုအပ်သော လောကီကုသိုလ် (၁၇) နာမက္ခန္ဓာ ဓမ္မာရုံပစ္စည်း တရားတို့၏ အာရမ္မဏ အဓိပတိ ဥပနိဿယသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၃)။

(၂) အလေးအမြတ် အားဖြင့် အာရုံပြုတတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် (၄) ခု နာမက္ခန္ဓာ (၄) ပါး ပစ္စယုပ္ပန်တရား တို့သည်—

အလေးအမြတ် အားဖြင့် အာရုံပြုအပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ် (၂၀) အောက်ဖိုလ် (၃) ခု နိဗ္ဗာန် ဓမ္မာရုံပစ္စည်း တရားတို့၏ အာရမ္မဏ အဓိပတိ ဥပနိဿယ သတ္တိကြောင့် ဖြစ်ပေါ် တည်နေ ရကုန်၏ (၃)။

(၃) အလေးအမြတ်အားဖြင့် အာရုံပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄) ခု နာမက္ခန္ဓာ (၄) ပါး ပစ္စယုပ္ပန်တရားတို့သည် အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန် ဓမ္မာရုံပစ္စည်းတရားတို့၏ အာရမ္မဏ အဓိပတိ ဥပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၃)။

**မေး။** ။ကာမဇော မနောဒွါရိကဝီထိစိတ်(၄၁)ပါး ပစ္စယုပ္ပန်တရားတို့သည် အဘယ်အနန္တရမျိုး ပစ္စည်းတရားတို့၏ အဘယ်သတ္တိကြောင့် ဖြစ်ပေါ်လာရကုန်သနည်း။

**ဖြေ။** ။ထိုကာမဇော မနောဒွါရိကဝီထိစိတ်(၄၁)ပါးတို့တွင်–

(၁) မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဘဝင်ုပစ္ဆေဒ(၁၉)ခု နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ သတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၅)။

(၂) ကာမပဌမဇော(၂၉)ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၅)။

(၃) ကာမဒုတိယဇော(၂၉)ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ကာမပဌမဇော နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၆)။

| | | |
|---|---|---|
| (၄) ကာမတတိယဇော | ၂၉ | (၆) |
| (၅) ကာမစတုတ္ထဇော | ၂၉ | (၆) |
| (၆) ကာမပဉ္စမဇော | ၂၉ | (၆) |

(၇) ကာမဆဋ္ဌဇော ၂၉ (၆)
(၈) ကာမသတ္တမဇော ၂၉ (၆)
(၉) ပဌမတဒါရုံ(၁၁) နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ကာမသတ္တမဇော နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၅)။

(၁၀) ဒုတိယတဒါရုံ (၁၁) (၅)

မေး။ ။ကာမဇော မနောဒွါရိကဝီထိစိတ်(၄၁)ပါး ပစ္စယုပ္ပန်တရားတို့သည် အဘယ်ဝတ္ထုမျိုး ပစ္စည်းတရားတို့၏ အဘယ်သတ္တိကြောင့် ဖြစ်ပေါ်တည်နေကုန်သနည်း။

ဖြေ။ ။ထိုကာမဇောမနောဒွါရိက ဝီထိစိတ်(၄၁)ပါးတို့တွင် မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ပဉ္စဝေါကာရဘဝင်စိတ်(၁၅)ခု နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

ကာမ ပဌမဇော(၂၉) နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

| | | |
|---|---|---|
| ကာမဒုတိယဇော | (၂၉) | (၅) |
| ကာမတတိယဇော | (၂၉) | (၅) |
| ကာမစတုတ္ထဇော | (၂၉) | (၅) |
| ကာမပဥ္စမဇော | (၂၉) | (၅) |
| ကာမဆဋ္ဌဇော | (၂၉) | (၅) |
| ကာမသတ္တမဇော | (၂၉) | (၅) |

ပဌမတဒါရုံ(၁၁) နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ကာမသတ္တမဇော နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

ဒုတိယတဒါရုံ (၁၁) (၅)

မရဏာသန္နအခါ မန္ဒောဒ္ဒါရာဝဇ္ဇန်း ကာမဇော (၂၉) တဒါရုံ (၁၁) စုတိနာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

မေး။ ။ကာမဇော မန္ဒောဒ္ဒါရိက ဝီထိစိတ် (၄၁) ပါးတို့တွင် တဒါရုံ (၁၁) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အဘယ်နာနာက္ခဏိက ကမ္မမျိုးပစ္စည်းတရားတို့၏ အဘယ်သတ္တိတို့ကြောင့် ဖြစ်ပေါ် လာရကုန်သနည်း။

ဖြေ။ ။ထိုဘဒါရုံ (၁၁) တို့ဘွင်—

(၁) ကုသလဝိပါက်တဒါရုံ (၁၀) နာမက္ခန္ဓာ လေးပါး ပစ္စယုပ္ပန် တရားတို့သည် ဗလဝဖြစ်သော အတိတ် ကာမ ကုသိုလ်ကံ (၈)ခု ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၂)။

(၂) အကုသဝိပါက် ဥပေက္ခာသဟဂုတ် တဒါရုံ (၁) နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားသည် ဗလဝဖြစ်သော အတိတ် အကုသိုလ်ကံ (၁၂) ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိကြောင့် ဖြစ် ပေါ်တည်နေရကုန်၏ (၂)။

မေး။ ။ကာမဇော မနောဒွါရိကဝီထိစိတ် (၄၁)ပါး ပစ္စယုပ္ပန် တရားတို့သည် အဘယ် ပကတူပနိဿယပစ္စည်းတရား တို့၏ အဘယ်သတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန် သနည်း။

ဖြေ။ ။ထိုကာမဇော မနောဒွါရိကဝီထိစိတ် (၄၁) ပါးတို့တွင် အကုသိုလ်ဇော (၁၂) နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် (၈၁) စေတသိက် (၅၂) ရုပ် (၂၈) ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ ပကတူပနိဿယ သတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

မဟာကုသိုလ်ဇော (၈) နာမက္ခန္ဓာ ၄-ပါး ပစ္စ ယုပ္ပန် တရားတို့သည် ဗလဝဖြစ်သော အရဟတ္တမဂ်

အရဟတ္တဖိုလ် ကြဉ်သောစိတ် (၈၇) စေတသိက်(၅၂) ရုပ် (၂၈) ပစ္စည်း ဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

မနောဒွါရာဝဇ္ဇန်း ကာမကြိယာဇော (၉) တဒါရုံ (၁၁) နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန် တရားတို့သည် ဗလာဖြစ်သောစိတ် (၈၉) စေတသိက် (၅၂)ရုပ်(၂၈) ပစ္စည်း ဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရား၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည် နေရကုန်၏ (၁)။

## ဈာနဝိထိကို ပြဆိုခြင်း

ဒွတ္တိံသ သုခပုညမှာ၊ ဒွါဒသောပေက္ခကာ ပရံ။
သုခိတကြိယတော အဋ္ဌ၊ ဆ သမ္ဘောန္တိ ဥပေက္ခကာ။

## အဓိပ္ပါယ်ကား

ဒွတ္တိံသသုခပုညမှာ—

မဟာကုသိုလ် ပဌမဒွေး၏ နောက်၌ ဖြစ်ကောင်းသော အပ္ပနာဇောကား ၃၂၊ မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော ၄၊ မဂ်သောမနဿသဟဂုတ်ဇော ၁၆၊ အောက်ဖိုလ် သောမနဿ သဟဂုတ်ဇော ၁၂-ခုတည်း။

ဒွါဒသောပေက္ခကာ ပရံ—

မဟာကုသိုလ် တတိယဒွေး၏ နောက်၌ဖြစ်ကောင်းသော အပ္ပနာဇောကား ၁၂၊ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်

ဇော ၅၊ မဂ်ဥပေက္ခာသဟဂုတ်ဇော ၄၊ အောက်ဖိုလ်ဥပေက္ခာသဟဂုတ်ဇော ၃-ခုတည်း။

သုခိတကြိယတော အဌ—

မဟာကြိယာ ပဌမဒွေး၏ နောက်၌ ဖြစ်ကောင်းသော အပ္ပနာဇော ဂ၊ မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ်ဇော ၄၊ အရဟတ္တဖိုလ်သောမနဿသဟဂုတ်ဇော ၄-ခုတည်း။

ဆသဋ္ဌောတ္တိ ဥပေက္ခကာ—

မဟာကြိယာတတိယဒွေး၏ နောက်၌ ဖြစ်ကောင်းသော အပ္ပနာဇော ၆၊ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ဇော ၅၊ အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၁-ခုတည်း။

## မဟဂ္ဂုတ်ကုသိုလ်ဇောကို ပြဆိုခြင်း

မဟဂ္ဂုတ်ကုသိုလ်ဇော ၉-ဝီထိကား ၂-မျိုး။ (၁) အာဒိကမ္မိက မဟဂ္ဂုတ်ကုသိုလ်ဇော ၉-ဝီထိ၊ (၂) သမာပတ္တိ မဟဂ္ဂုတ်ကုသိုလ်ဇော ၉-ဝီထိတည်း။

ထို ၂-မျိုးတို့တွင်—

အာဒိကမ္မိကမဟဂ္ဂုတ်ကုသိုလ်ဇော ၉-ဝီထိ ဖြစ်ဟန်ကား—

ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ၊ ထိုနောင် မဟဂ္ဂုတ်ကုသိုလ်ဇော ၉-ခုတို့တွင် တခုခုသည် အာဒိကမ္မိကဖြစ်၍ တကြိမ်စီသာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏၊ ထိုနောင် တိဟိတ်ဘဝင် ၁၃-ခုတို့တွင် တခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

သမာပတ္တိမဟဂ္ဂုတ်ကုသိုလ်ဇော ၉-ဝီထိ ဖြစ်ဟန်ကား —

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ၊ ထိုနောင် မဟဂ္ဂုတ်ကုသိုလ်ဇော ၉-ခုတို့တွင် တခုခုသည် ဘဝင်အယဉ်ကဲ့သို့ အကြိမ်များစွာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏၊ ထိုနောင် တိဟိတ် ဘဝင် ၁၃-ခုတို့တွင် တခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ် ထိုက်သမျှဖြစ်၍ ချုပ်၏။

ထို ၉-ဝီထိတို့တွင် ပဌမဈာန ဒုတိယဈာန တတိယဈာန စတုတ္ထဈာန ရူပါဝစရကုသိုလ်ဇောဝီထိတို့၌ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူကိစ္စကပ်သော စိတ်တို့ကား မဟာကုသိုလ် ပဌမဒွေးတို့တွင် တခုခုသာတည်း။

ပဉ္စမဈာနရူပါဝစရကုသိုလ်ဇောဝီထိ အာကာသာနဉ္စာယ-တန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာနာသညာယတန ကုသိုလ်ဇောဝီထိတို့၌ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူကိစ္စတပ်သော စိတ်တို့ကား မဟာကုသိုလ် တတိယ ဒွေးတို့တွင် တခုခုသာတည်း။

မဟဂ္ဂုတ်ကုသိုလ်ဇော ၉-ခု၊ နာမက္ခန္ဓာ ၄-ပါး၊ ပစ္စယုပ္ပန် တရားတို့ကို (၆) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁ — သဟဇာတမျိုး ၁၃၊
၂ — အာရမ္မဏမျိုး ၁၊
၃ — အနန္တရမျိုး ၆၊
၄ — ဝတ္ထုမျိုး ၅၊
၅ — ပကတူပနိဿယ ၁၊

၍ ၂၆-ပစ္စည်းတို့၌သာ ဟောတော်မူ၏။ ထို ၂၆-ပစ္စည်းတို့တွင် သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

**ဟောဟန်ကား—**

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ(၆) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ(၀ိ၀ိ)။

ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ(အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အဓိပတိ တရားကိုယ်နှင့် စေတနာကြဉ်သော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ ဝိရတိကြဉ် စေတသိက် ၃၅၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၆)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ နာမက္ခန္ဓာ၌ရှိသော အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ ဆန္ဒ ဝိရိယ စိတ် ဝီမံသ ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အဓိပတိသတ္တိ၊ စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ် နာမ် အာဟာရ ၃-ပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝိရိယ

သတိ ဧကဂ္ဂတာ ပညာ နာမ် ဇီဝိတ ဣန္ဒြေ ၈-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ။

ပဌမစျာန် မဟဂ္ဂုတ်ကုသိုလ် ၁-ဖြစ်အံ့ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာနင် ၅ ပါး၊

ဒုတိယစျာန် မဟဂ္ဂုတ်ကုသိုလ်စိတ် ၁-ဖြစ်အံ့ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာနင် ၄-ပါး၊

တတိယစျာန် မဟဂ္ဂုတ်ကုသိုလ်စိတ် ၁-ဖြစ်အံ့ ပီတိ သုခ ဧကဂ္ဂတာ ဈာနင် ၃-ပါး၊

စတုတ္ထစျာန် မဟဂ္ဂုတ်ကုသိုလ်စိတ် ၁-ဖြစ်အံ့ သုခ ဧကဂ္ဂတာ ဈာနင် ၂-ပါး၊

ပဉ္စမစျာန် မဟဂ္ဂုတ်ကုသိုလ် ၅-ဖြစ်အံ့ ဥပေက္ခာ ဧကဂ္ဂတာ ဈာနင် ၂-ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊

ပဌမစျာန် မဟဂ္ဂုတ်ကုသိုလ် ၁-ဖြစ်အံ့ ဝိရတိကြဉ်မဂ္ဂင် ၅-ပါး၊ ဒုတိယစျာန် မဟဂ္ဂုတ်ကုသိုလ်-၁၊ တတိယစျာန် မဟဂ္ဂုတ်ကုသိုလ် ၁၊ စတုတ္ထစျာန် မဟဂ္ဂုတ်ကုသိုလ်-၁၊ ပဉ္စမစျာန် မဟဂ္ဂုတ်ကုသိုလ် ၅ ဖြစ်အံ့ဝိရတိ ဝိတက်ကြဉ် မဂ္ဂင် ၄-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁၃)။

သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏမျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (ဝိဓိ)။

ကုသလံ ဇော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

အစိပ္ပါယ်ကား—

ပဌမစျာန် ရူပကုသိုလ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ကသိုဏ်းပညတ် ၁၀-ပါး၊ အသုဘပညတ် ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင်အစရှိသော ကာယကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတဒုက္ခိတသတ္တဝါပညတ်၊ ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတသတ္တဝါပညတ်၊ မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတသတ္တဝါပညတ်၊ ဤ ၂၅-ပါးသော ပညတ်အာရုံတို့တွင် တပါးပါးသော ပညတ်အာရုံပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

ဒုတိယစျာန်ရူပကုသိုလ် တတိယစျာန်ရူပကုသိုလ် စတုတ္ထစျာန်ရူပကုသိုလ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ကသိုဏ်းပညတ် ၁၀-ပါး အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်၊ မေတ္တာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတသတ္တဝါပညတ်၊ ကရုဏာ၏အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတသတ္တဝါပညတ်၊ မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတသတ္တဝါပညတ်- ဤ ၁၄-ပါးသော ပညတ်အာရုံတို့တွင် တပါးပါးသော ပညတ်အာရုံပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

ပဉ္စမစျာန်ရူပကုသိုလ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနသာတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ ဥပေက္ခာ၏အာရုံ ဖြစ်သော ခပ်သိမ်းသောသုခိတ ဒုက္ခိတသတ္တဝါပညတ်၊ ဤ ၁၂-ပါးသော ပညတ်အာရုံတို့တွင် တပါးပါးသော ပညတ်အာရုံ ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

အာကာသာနဉ္စာယတနကုသိုလ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အာကာသကသိုဏ်းကြဉ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သောကောင်းကင်ပညတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

ဝိညာဉ္စာယတနကုသိုလ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

အာကိဉ္စညာယတနကုသိုလ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အာကာသာနဉ္စာယတနစျာန်စိတ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

နေဝသညာနာသညာယတနကုသိုလ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော အာကိဉ္စညာယတန

ကုသိုလ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

အာရမ္မဏမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတပစ္စယာ (ဝိမိ)။

ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ပဌမမဟာဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည် ဖြစ်၍ ချုပ်လေပြီးသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ်ပဌမဒွေး နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆)။

ဒုတိယ အစရှိသော နောက်နောက်သော မဟာဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပဌမ အစရှိသော ရှေးရှေးသော ဇောတူ မဟာဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆)။

ပဌမ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည် ဖြစ်၍ ချုပ်လေပြီးသော ဂေါတြဘုကိစ္စဘပ်သော မဟာကုသိုလ်တတိယဒွေး နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရ ကုန်၏ (၆)။

ဒုတိယ အစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပဌမ အစရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော ၅-ခု နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ-သတ္တိကြောင့် ဖြစ်ပေါ် တည်နေရ ကုန်၏ (၆)။

အနန္တရမျိုးကို ဟောတော်မူသည်၏အခြားမဲ့၌ ဝတ္ထုမျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ဝိမိ)။

ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား —**

ပဌမ မဟာဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့်အတူပြိုင်၍ ဖြစ်သော ဟာဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

ဒုတိယအစရှိသောနောက်နောက်သော မဟာဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ပဌမအစရှိသော ရှေးရှေးသော ဇောတွင် မဟာဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟာဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

ပဌမ မဟာဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော ၅-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေး နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟာဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၅)။

ဒုတိယအစရှိသော နောက်နောက်သော မဟာဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် ပဌမအစရှိသော ရှေးရှေးသော ဇောတွင်

**မ**ဟာဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော ၅-ခု နာမက္ခန္ဓာတို့**၏**ဥပါဒ်ခဏနှင့်အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

ဝတ္ထုမျိုးကိုဟောတော်မူသည်၏ အခြားမဲ့၌ ပကတူပနိဿယကို ဟောတော်မူ၏။

**ဟောဟုံကား—**

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဥပနိဿယပစ္စယာ (ဝိဓိ)။

ကုသလံ ဇေါ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

မဟာဂုတ်ကုသိုလ် ၉-ပါး နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်စိတ် ၈၇ စေတသိက် ၅၂ ရုပ် ၂၈ ပစ္စည်းဖြင့်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

မဟာဂုတ်ကုသိုလ်ဇော ၉-ခု ပြီး၏။

---

မဟာဂုတ်ကြိယာဇောကိုပြဆိုခြင်း

မဟာဂုတ်ကြိယာဇော ၉ ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်**တရား**တို့ကို (၆) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁-သဟာဇာတမျိုး ၁၃၊
၂-အာရမ္မဏမျိုး ၁၊
၃-အနန္တရမျိုး ၆၊
၄-ဝတ္ထုမျိုး ၅၊
၅-ပကတူပနိဿယ ၁၊

ဤ ၂၆ ပစ္စည်းတို့ဖြင့်သာ ဟောတော်မူ၏။ ထို ၂၆-ပစ္စည်းတို့တွင် သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ(၆) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိဓိ)။

ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

အဓိပတိဘာဿကိုယ်နှင့် စေတနာကြဉ်သော မဟဂ္ဂုတ် ကြိယာဇော ၉-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့ သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟဂ္ဂုတ် ကြိယာဇော ၉၊ ဝိရတိကြဉ် စေတသိက် (၃၅) အစိတ်အစိတ် နာမက္ခန္ဓာ စည်းတရားတို့၏ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၆)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟဂ္ဂုတ် ကြိယာဇော ၉-ခု၊ နာမက္ခန္ဓာ၃ခုရှိသော အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊

ဆန္ဒ ဝီရိယ စိတ် ဝီမံသ ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အဓိပတိသတ္တိ၊

စေတနာ ပစ္စည်းတရားတို့၏ သဟဇာတ ကမ္မ သတ္တိ၊

ဖဿ စေတနာ ဝိညာဏ် နာမ် အာဟာရ ၃-ပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊

ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ နာမ် ဣန္ဒြေ ၈-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယ သတ္တိ၊

ပဌမစျာန် မဟဂ္ဂုတ် ကြိယာစိတ် ၁ ဖြစ်အံ့ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ စျာနင် ၅-ပါး၊

ဒုတိယစျာန် မဟဂ္ဂုတ်ကြိယာစိတ် ၁ ဖြစ်အံ့ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ စျာနင် ၄-ပါး၊

တတိယစျာန် မဟဂ္ဂုတ်ကြိယာစိတ် ၁ ဖြစ်အံ့ ပီတိ သုခ ဧကဂ္ဂတာ စျာနင် ၃-ပါး၊

စတုတ္ထစျာန် မဟဂ္ဂုတ် ကြိယာစိတ် ၁ ဖြစ်အံ့ သုခ ဧကဂ္ဂတာ စျာနင် ၂-ပါး၊

ပဉ္စမစျာန် မဟဂ္ဂုတ် ကြိယာစိတ် ၅ ဖြစ်အံ့ ဥပေက္ခာ ဧကဂ္ဂတာ စျာနင် ၂-ပါး ပစ္စည်းတရားတို့၏ စျာနသတ္တိ၊

ပဌမဈာန် မဟဂ္ဂုတ် ကြိယာစိတ် ၁ ဖြစ်အံ့ ဝိရတိကြဉ် မဂ္ဂင် ၅-ပါး၊ ဒုတိယဈာန် မဟဂ္ဂုတ် ကြိယာစိတ် ၁၊ တတိယဈာန် မဟဂ္ဂုတ် ကြိယာ စိတ် ဂ၊ စတုတ္ထဈာန် မဟဂ္ဂုတ် ကြိယာစိတ် ၁၊ ပဉ္စမဈာန် မဟဂ္ဂုတ်ကြိယာစိတ် ၅-ဖြစ်အံ့ ဝိရတိ ဝိတက်ကြဉ် မဂ္ဂင် ၄-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁၃)။

သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာ-ရမ္မဏမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဉပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (ဝိဓိ)။

ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနု-ဝါဒ)။

**အဓိပ္ပါယ်ကား—**

ပဌမဈာန် ရူပကြိယာ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် ကသိုဏ်းပညတ် ၁၀-ပါး၊ အသုဘပညတ် ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင်အစရှိသော ကာယကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်၊ မေတ္တာ၏ အာရုံဖြစ်သော ချမ်းသာသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊ ကရုဏာ၏ အာရုံဖြစ်သော ချမ်းသာသော ဒုက္ခိတ သတ္တဝါပညတ်၊ မုဒိတာ၏ အာရုံဖြစ်သော ချမ်းသာသော သုခိတ သတ္တဝါပညတ်၊ ဉ

၂၅-ပါးသော ပညတ်အာရုံတို့တွင် တပါးပါးသော ပညတ်အာရုံ ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

ဒုတိယဈာန် ရူပကြိယာ တတိယဈာန် ရူပကြိယာ စတုတ္ထဈာန် ရူပကြိယာ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊ ကရုဏာ၏ အာရုံ ဖြစ်သော ခပ်သိမ်းသော ဒုက္ခိတသတ္တဝါပညတ်၊ မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်–ဤ ၁၄-ပါးသော ပညတ်အာရုံတို့တွင် တပါးပါးသော ပညတ်အာရုံပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၁)။

ပဉ္စမဈာန် ရူပကြိယာ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ ဥပေက္ခာ၏ အာရုံ ဖြစ်သော ခပ်သိမ်းသော သုခိတဒုက္ခိတ သတ္တဝါပညတ်–ဤ ၁၂-ပါးသော ပညတ်အာရုံတို့တွင် တပါးပါးသော ပညတ်အာရုံ ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၁)။

အာကာသာနဉ္စာယတနကြိယာ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် အာကာသကသိုဏ်းကြဉ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ခွာ၍ရအပ်သော ကောင်းကင်

ပညတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၁)။

ဝိညာနဉ္စာယတနကြိယာ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်ကြိယာ ၂-ပါးတို့တွင် တပါးပါးသော အာရုံပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၁)။

အာကိဉ္စညာယတနကြိယာ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အာကာသာနဉ္စာယတနစျာန်စိတ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၁)။

နေဝသညာနာသညာယတနကြိယာ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ်ကြိယာ ၂-ပါးတို့တွင် တပါးပါးသော အာရုံ ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ပေါ် တည်နေရ ကုန်၏ (၁)။

အာရမ္မဏမျိုးကိုဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—** အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတပစ္စယာ(ဝိမိ)။

ကြိယာဗျာကတံ ဇာကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ပဌမ မဟာဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ် ဇော ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်ဘရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဂေါတြဘု ကိစ္စတပ်သော မဟာကြိယာ ပဌမဒွေး နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆)။

ပဌမ မဟာဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ် ဇော ၅-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဂေါတြဘုကိစ္စတပ်သော မဟာကြိယာ တတိယဒွေး နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆)။

ဒုတိယအစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ် ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပဌမအစရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ် ဇော ၅-ခု နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆)။

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝတ္ထု မျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ဝိဓ)။

ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ဝတ္ထုံ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (အနု ဝါဒ)။

အဓိပ္ပါယ်ကား—

ပဌမ မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဂေါတြဘုကိစ္စတပ် သော မဟာကြိယာ ပဌမဒွေး နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၅)။

ဒုတိယအစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် ပဌမအစရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာ တို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်း တရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

ပဌမမဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဂေါတြဘု ကိစ္စတပ်သော မဟာကြိယာဘာတိယဒွေး နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟာဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

ဒုတိယအစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ပဌမအစရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ဇော ၅-ခု နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟာဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

ဝတ္ထုမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ပကတူပနိဿယကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဥပနိဿယပစ္စယာ (ဝိဓိ)။

ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

မဟဂ္ဂုတ်ကြိယာဇော ၉-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် ဗလဝဖြစ်သော စိတ်-၈၉၊ စေတသိက်-၅၂၊

ရုပ်-၂၈ ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ် ပစ္စည်း တရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရ ကုန်၏ (၁)။

မဟာဂ္ဂုတ်ကြိယာဇော ၉-ခု ပြီး၏။

---

## မဂ္ဂဝိထိဖြစ်ပေါ်လာပုံ

သောတာပတ္တိမဂ္ဂဝိထိ ဖြစ်ဟန်ကား—

ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ။ ထိုနောင် သောတာပတ္တိမဂ်ဇော ၁-ကြိမ် ဖြစ်၍ ချုပ်၏။ ထိုနောင် သောတာပတ္တိဖိုလ်ဇော ၂-ကြိမ် ၃-ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ၁၉-ဝေါကာရတိဟိတ်ဘဝင် ၉-ခုတို့တွင် တခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်ထိုက် သမျှ ဖြစ်၍ ချုပ်၏။

သကဒါဂါမိမဂ္ဂဝိထိဖြစ်ဟန်ကား—

ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဝေါဒါန်။ ထိုနောင် သကဒါဂါမိမဂ်ဇော ၁-ကြိမ်ဖြစ် ၍ ချုပ်၏။ ထိုနောင် သကဒါဂါမိဖိုလ်ဇော ၂-ကြိမ် ၃-ကြိမ် ဖြစ်၍ ချုပ်၏။ ထိုနောင်တိဟိတ်ဘဝင် ၁၃-ခုတို့တွင် တခုခု သည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

အနာဂါမိမဂ္ဂဝီထိဖြစ်ဟန်ကား—

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါ္ဒဘူ ဝေါဒါန်။ ထိုနောင် အနာဂါမိမဂ်ဇော ၁-ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် အနာဂါမိဖိုလ်ဇော ၂-ကြိမ် ၃-ကြိမ် ဖြစ်၍ ချုပ်၏။ ထိုနောင် တဒါရုံဖြစ်သည်ရှိသော် ဘဝင် ၁၃-ခုတို့တွင် တခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

အရဟတ္တမဂ္ဂဝီထိ ဖြစ်ဟန်ကား—

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဝေါဒါန်။ ထိုနောင် အရဟတ္တမဂ်ဇော ၁-ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် အရဟတ္တဖိုလ်ဇော ၂-ကြိမ် ၃-ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် တိဟိတ်ဘဝင် ၁၃-ခုတို့တွင် တခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

ဤ ၄-ဝီထိတို့၌ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဝေါဒါန် ကိစ္စတပ်သောစိတ်တို့ကား- မဟာကုသိုလ် ပဌမဒွေး တတိယ ဒွေးတို့တွင် တခုခုသာတည်း။

မဂ်ဇော ၂၀ နာမက္ခန္ဓာ၄-ပါး ပစ္စယုပ္ပန်တရား တို့ကို

(၆) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁–သဟဇာတမျိုး ၁၃၊

၂–အာရမ္မဏမျိုး ၃၊

၃–အနန္တရမျိုး ၆၊

၄–ဝတ္ထုမျိုး ၅၊

၅–ပကတူပနိဿယ ၁၊

ဤ ၂၈-ပစ္စည်းတို့၌သာ ဟောတော်မူ၏။

ထို ၂၈-ပစ္စည်းတို့တွင် သဟဇာတမျိုးကို ရှေးဦးစွာ ဟော တော်မူ၏။

**ဟောဟန်ကား—**

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ (ဗ) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ(ဝိခိ)။

ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ(အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အဓိပတိ တရားကိုယ်နှင့် စေတနာကြဉ်သော မဂ်ဇော ၂၀ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဂ်ဇော ၂၀၊ အပ္ပမညာကြဉ်သော စေတသိက် ၃၆၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (ဗ)။

(ခ) သမ္ပယုတ္တ ခန္ဓာအား ကျေးဇူးပြုတတ်သော မဂ်ဇော ၂၀၊ နာမက္ခန္ဓာ၌ရှိသော အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊

ဆန္ဒ ဝိရိယ စိတ် ဝီမံသ ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အဓိပတိသတ္တိ၊ စေတနာ ပစ္စည်း တရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေ တနာ ဝိညာဏ်နာမ် အာဟာရ ၃-ပါး ပစ္စည်းတရား

တို့၏ အာဟာရသတ္တိ၊ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝိရိယ သတိ ဧကဂ္ဂတာ ပညာ နာမ်ဇလြေ ဂ-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

ပဌမဈာန် မဂ်စိတ် ၄-ခုဖြစ်အံ့ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာနင်ငါးပါး၊ ဒုတိယဈာန် မဂ်စိတ် ၄-ခုဖြစ်အံ့ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာနင်လေးပါး၊ တတိယဈာန် မဂ်စိတ် ၄-ခုဖြစ်အံ့ ပီတိ သုခ ဧကဂ္ဂတာ ဈာနင်သုံးပါး၊ စတုတ္ထဈာန် မဂ်စိတ် ၄ ခုဖြစ်အံ့ သုခ ဧကဂ္ဂတာ ဈာနင်နှစ်ပါး၊ ပဉ္စမဈာန် မဂ်စိတ် ၄-ခုဖြစ်အံ့ ဥပေက္ခာ ဧကဂ္ဂတာ ဈာနင်နှစ်ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊

ပဌမဈာန် မဂ်စိတ် ၄-ခုဖြစ်အံ့ ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝိရိယ သတိ ဧကဂ္ဂတာ မဂ္ဂင်ရှစ်ပါး၊ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန် မဂ်စိတ်ဖြစ်အံ့ ဝိတက်ကြဉ် မဂ္ဂင်ခုနစ်ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁၃)။

သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏ အဓိပတိ ဥပနိဿယပစ္စယာ (ဝိဓိ)။

ကုသလံ ကော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

မဂ်ဇော ၂၀-နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန် တရားတို့သည် နိဗ္ဗာန်အာရုံ ပစ္စည်းတရားတို့၏ အာရမ္မဏ အဓိပတိ ဥပနိဿ-ယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၃)။

အာရမ္မဏမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတပစ္စယာ (ဝိဓိ)။

ကုသလံ ကော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

မဂ် သောမနဿသဟဂုတ်ဇော ၁၆-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဂေါတြဘူ ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပဌမ ဒွေး နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပ-နိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆)။

မဂ် ဥပေက္ခာသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဂေါတြဘူ ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေး နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၆)။

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝတ္ထုမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ဝိမိ)။

ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ဝတ္ထုံ နိဿယပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

မဂ်သောမနဿသဟဂုတ်ဇော ၁၆-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဂေါတြဘူဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍ ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

မဂ်ဥပေက္ခာသဟဂုတ်ဇော ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဝေါဒါန်ဟိစ္စတပ်သော မဟာကုသိုလ် တတိယဇွေး နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေ- ဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ် တည် နေရကုန်၏ (၅)။

ဝတ္ထုမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ပကတူပ- နိဿယကို ဟောတော်မူ၏။

**ဟောဟန်ကား—**

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဥပနိဿယ ပစ္စယာ (ဝိဓိ)။

ကုသလံ ဇကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနု- ဝါဒ)။

**အဓိပ္ပါယ်ကား—**

သောတာပတ္တိမဂ် ဇော ၅ ခု နာမက္ခန္ဓာ ၄-ပါး ပစ္စ- ယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် ဂ၁၊ စေ တသိက် ၅၂၊ ရုပ် ၂၈၊ ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ် ပစ္စည်းတရားတို့၏ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည် နေရကုန်၏ (၁)။

သကဒါဂါမိမဂ်ဇော ၅- ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် ဂ၁၊ သောတာ ပတ္တိမဂ် သောတာပတ္တိဖိုလ်၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ပစ္စည်း

ဖြစ်ထိုက်သော အချို့သော ပညတ် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၁)။

အနာဂါမိမဂ်ဇော ၅ ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် ၈၁၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် စေတသိက် ၅၂၊ ရုပ် ၂၈၊ ပစ္စည်း ဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၁)။

အရဟတ္တမဂ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် ၈၁၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ် စေတသိက် ၅၂၊ ရုပ် ၂၈၊ ပစ္စည်း ဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ် တည်နေရကုန်၏ (၁)။

မဂ္ဂဝီထိဖြစ်ပေါ်လာပုံ ပြီး၏။

---

## ဖလသမာပတ္တိဝီထိကိုပြဆိုခြင်း

## မဂ္ဂါနန္တရဖိုလ်ဇော ၂၀-ဖြစ်ပေါ်လာပုံ

သောတာပတ္တိဖလသမာပတ္တိဝီထိဖြစ်ဟန်ကား—

ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း အနုလုံ ၄-ကြိမ် ၃-ကြိမ်။ ထိုနောင် သောတာပတ္တိဖိုလ်စိတ်သည် ဘဝင် အယဉ်ကဲ့သို့ အကြိမ်များစွာ ဖြစ်၍ချုပ်၏။ ထိုနောင်တိဟိတ် ဘဝင် ၁၃-ခုတို့တွင် တခုခုသည် ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

သကဒါဂါမိဖလသမာပတ္တိဝီထိ ဖြစ်ဟန်ကား—

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း အနုလုံ ၄-ကြိမ် ၃-ကြိမ်။ ထိုနောင် သကဒါဂါမိဖိုလ်စိတ်သည် ဘဝင် အယဉ်ကဲ့သို့ အကြိမ်များစွာ ဖြစ်၍ချုပ်၏။ ထိုနောင် တိဟိတ် ဘဝင် ၁၃ ခုတို့တွင် တခုခုသည်ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

အနာဂါမိဖလသမာပတ္တိဝီထိ ဖြစ်ဟန်ကား —

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း အနုလုံ ၄-ကြိမ် ၃-ကြိမ်။ ထိုနောင်အနာဂါမိဖိုလ်စိတ်သည် ဘဝင်အယဉ်ကဲ့သို့ အကြိမ်များစွာဖြစ်၍ ချုပ်၏။ ထိုနောင် တိဟိတ်ဘဝင် ၁၃-ခုတို့တွင် တခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။

ဤ ၃-ဝီထိတို့၌ အနုလုံကိစ္စတပ်သောစိတ်တို့ကား မဟာကုသိုလ် ပဌမဒွေး တတိယဒွေးတို့တွင် တခုခုသာတည်း။

အရဟတ္တဖလသမာပတ္တိဝီထိ ဖြစ်ဟန်ကား—

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း အနုလုံ ၄-ကြိမ် ၃-ကြိမ်။ ထိုနောင် အရဟတ္တဖိုလ်စိတ်သည် ဘဝင် အယဉ်ကဲ့သို့ အကြိမ်များစွာ ဖြစ်၍ချုပ်၏။ ထိုနောင် တိဟိတ် ဘဝင် ၁၃-ခုတို့တွင် တခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။

ဤဝီထိ၌ အနုလုံကိစ္စတပ်သော စိတ်တို့ကားမဟာကြိယာ ပဌမဒွေး တတိယဒွေးတို့တွင် တခုခုသာတည်း။

မဂ္ဂါနန္တရဖိုလ်ဇော ၂၀ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရား တို့ကို (၇) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁–သဟဇာတမျိုး ၁၄၊
၂–အာရမ္မဏမျိုး ၃၊
၃–အနန္တရမျိုး ၆၊
၄–ဝတ္ထုမျိုး ၅၊
၅–ပကတူပနိဿယ ၁၊

ဤ ၂၉-ပစ္စည်းတို့ဖြင့်သာ ဟောတော်မူ၏။

ထို ၂၉-ပစ္စည်းတို့တွင် သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အဓိပတိတရားကိုယ်နှင့် စေတနာကြဉ်သော မဂ္ဂါနန္တရဖိုလ် ဇော ၂၀ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဂ္ဂါနန္တရဖိုလ်ဇော ၂၀၊ အပ္ပမညာ ကြဉ်သော စေတသိက် ၃၆၊ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၇)၊

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဂ္ဂါနန္တရဖိုလ်ဇော ၂၀၊ နာမက္ခန္ဓာ၌ရှိသော အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ ဆန္ဒ ဝီရိယ စိတ် ဝီမံသ ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အဓိပတိသတ္တိ၊ စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ် နာမ် အာဟာရ ၃-ပါးပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ နာမ် ဣန္ဒြေ ၈-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊ ပဌမစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုဖြစ်အံ့ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ စျာနင် ၅-ပါး၊

ဒုတိယစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခု ဖြစ်အံ့ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာစျာနင် ၄-ပါး၊

တတိယစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခု ဖြစ်အံ့ ပီတိ သုခ ဧကဂ္ဂတာ စျာနင် ၃-ပါး၊

စတုတ္ထစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုဖြစ်အံ့ သုခ ဧကဂ္ဂတာ စျာနင် ၂-ပါး၊

ပဋ္ဌမစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုဖြစ်အံ့ ဥပေက္ခာ ကောဂ္ဂတာ စျာနင် ၂-ပါး ပစ္စည်းတရားတို့၏ စျာနသတ္တိ၊

ပဌမစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုဖြစ်အံ့ ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝိရိယ သတိ ကောဂ္ဂတာ မဂ္ဂင် ၈-ပါး၊

ဒုတိယစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခု၊

တတိယစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခု၊

စတုတ္ထစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခု၊

ပဋ္ဌမစျာန်မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုဖြစ်အံ့ဝိတက်ကြဉ် မဂ္ဂင် ၇-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့်ဖြစ် ပေါ်တည်နေရကုန်၏ (၁၄)။

သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏ အဓိပတိ ဥပနိဿယပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ကေံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

မဂ္ဂါနန္တရဖိုလ်ဇော ၂၀ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် နိဗ္ဗာန်အာရုံ ပစ္စည်းတရားတို့၏ အာရမ္မဏ အဓိပတိ ဥပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၃)။

အာရမ္မဏမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ ကမ္မ နတ္ထိ ဝိဂတပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

မဂ္ဂါနန္တရဖိုလ်ဇော ၂၀ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော မဂ်ဇော ၂၀ နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိ-ဿယ ကမ္မ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၆)။

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝတ္ထုမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

မဂ္ဂါနန္တရဖိုလ်ဇော ၂၀ နာမက္ခန္ဓာ ၄ ပါး ပစ္စယုပ္ပန်တရားတို့သည် မဂ်ဇော ၂၀ နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

ဝတ္ထုမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ပကတူပနိဿယကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဥပနိဿယပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော-ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

သောတာပတ္တိဖိုလ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် ၈၁၊ သောတာ

ပတ္တိမဂ်၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

သကဒါဂါမိဖိုလ်ဇော ၅ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် ၈၁၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ်၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

အနာဂါမိဖိုလ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် ၈၁၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ်၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

အရဟတ္တဖိုလ်ဇော ၅ ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် ၈၁၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ် အရဟတ္တမဂ်၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

မဂ္ဂါနန္တရဖိုလ်ဇော ၂၀-ဖြစ်ပေါ်လာပုံ ပြီး၏။

## ဖိုလ်ဇော ၂၀-ဖြစ်ပေါ်လာပုံ

မဂ္ဂါနန္တရဖိုလ်ဇော ၂၀-မှ တပါး ဖိုလ်ဇော ၂၀-နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့ကို (၇) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

| | |
|---|---|
| ၁–သဟဇာတမျိုး | ၁၄၊ |
| ၂–အာရမ္မဏမျိုး | ၃၊ |
| ၃–အနန္တရမျိုး | ၅၊ |
| ၄–ဝတ္ထုမျိုး | ၅၊ |
| ၅–နာနာက္ခဏိကကမ္မမျိုး | ၂၊ |
| ၆–ပကတူပနိဿယ | ၁၊ |

ဤ၃၀-သော ပစ္စည်းတို့၌သာ ဟောတော်မူ၏။ ထို ၃၀-သော ပစ္စည်းတို့တွင် သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ(ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

အဓိပတိတရားကိုယ်နှင့် စေတနာကြဉ်သော မဂ္ဂါနန္တရဖိုလ်ဇော ၂၀-မှ တပါး ဖိုလ်ဇော ၂၀-နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည်–

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဂ္ဂါနန္တရ ဖိုလ်ဇော ၂၀-မှ တပါး ဖိုလ်ဇော ၂၀၊ အပ္ပမညာ ကြဉ်သော စေတသိက် ၃၆၊ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ(၇)။

(ခ) သမ္ပယုတ္တခန္ဓာအားကျေးဇူးပြုတတ်သောမဂ္ဂါနန္တရ ဖိုလ်ဇော ၂၀-မှတပါး ဖိုလ်ဇော ၂၀ နာမက္ခန္ဓာ၌ ရှိသော အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊

ဆန္ဒ ဝီရိယ စိတ် ဝီမံသ ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အဓိပတိသတ္တိ၊

ဖဿ စေတနာ ပစ္စည်းတရား၏ သဟဇာတကမ္မသတ္တိ၊

ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ ၃-ပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊

ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ နာမ်ဣန္ဒြေ ၈-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

ပဌမစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုမှတပါး ဖိုလ်စိတ် ၄-ခုဖြစ်အံ့ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ စျာနင် ၅-ပါး၊

ဒုတိယစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုမှတပါး ဖိုလ်စိတ် ၄-ခု ဖြစ်အံ့ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ စျာနင် ၄-ပါး၊

တတိယစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုမှတပါး ဖိုလ်စိတ် ၄-ခုဖြစ်အံ့ ပီတိ သုခ ဧကဂ္ဂတာ စျာနင် ၃-ပါး၊

စတုတ္ထစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုမှတပါး ဖိုလ်စိတ် ၄-ခု ဖြစ်အံ့ သုခ ကောဂ္ဂတာစျာနင်-၂ ပါး၊

ပဉ္စမစျာန်မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုမှတပါး ဖိုလ်စိတ် ၄-ခု ဖြစ်အံ့ ဥပေက္ခာ ကောဂ္ဂတာ စျာနင် ၂-ပါး ပစ္စည်းတရားတို့၏ စျာနသတ္တိ၊

ပဌမစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄ ခုမှတပါး ဖိုလ်စိတ် ၄-ခု ဖြစ်အံ့ ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝိရိယ သတိ ကောဂ္ဂတာ မဂ္ဂင် ၈-ပါး။

ဒုတိယစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုမှတပါး ဖိုလ်စိတ် ၄-ခု၊

တတိယစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄ ခုမှတပါး ဖိုလ်စိတ်၄-ခု၊

စတုတ္ထစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုမှတပါး ဖိုလ်စိတ် ၄-ခု၊

ပဉ္စမစျာန် မဂ္ဂါနန္တရဖိုလ်စိတ် ၄-ခုမှတပါး ဖိုလ်စိတ် ၄-ခု ဖြစ်အံ့ ဝိတက်ကြဉ် မဂ္ဂင် ၈-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁၄)။

သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏမျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏ အဓိပတိ ဥပနိဿယပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ကေံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

မဂ္ဂါနန္တရဖိုလ်ဇော ၂၀-မှတပါး ဖိုလ်ဇော ၂၀ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် နိဗ္ဗာန်အာရုံပစ္စည်းတရားတို့၏ အာရမ္မဏ အဓိပတိ ဥပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည် နေရကုန်၏ (၃)။

အာရမ္မဏမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တ-ရမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

(က) ပဌမ အောက်ဖိုလ် သောမနဿသဟဂုတ်ဇော ၁၂-နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပဌမဒွေး နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ သတ္တိကြောင့် ဖြစ်ပေါ် ရကုန်၏ (၅)။

(ခ) ဒုတိယအစရှိသော နောက်နောက်သော အောက်ဖိုလ်သောမနဿသဟဂုတ်ဇော ၁၂-နာမက္ခန္ဓာ ၄-ပါး

ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပဌမအစရှိသော ရှေးရှေးသော ဇောတူ အောက်ဖိုလ်သောမနဿသဟဂုတ်ဇော ၁၂-နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ ၁တ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၅)။

(ဂ) ပဌမအောက်ဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၃-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြား မရှိသည်ဖြစ်၍ ချုပ်လေပြီးသော အနုလုံကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေး နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၅)။

(ဃ) ဒုတိယအစရှိသော နောက်နောက်သော အောက်ဖိုလ် ဥပေက္ခာသဟဂုတ် ဇော ၃-ခု နာမက္ခန္ဓာ ၄ ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပဌမအစရှိသော ရှေးရှေးသော ဇောတူ အောက်ဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၃-ခု နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၅)။

(င) ပဌမ အရဟတ္တဖိုလ် သောမနဿသဟဂုတ် ဇော ၄-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော အနုလုံကိစ္စတပ်သော မဟာကြိယာပဌမဒွေး နာမက္ခန္ဓာ ပစ္စည်းတရားတို့၏

အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ ကြောင့် ဖြစ်ပေါ်ရကုန်၏ (၅)။

(ခ) ဒုတိယအစရှိသော နောက်နောက်သော အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပဌမအစရှိသော ရှေးရှေးသော ဇောတူ အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၅)။

(ဂ) ပဌမ အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၁-နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော အနုလုံကိစ္စတပ်သော မဟာကြိယာ တတိယဒွေး နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၅)။

(ဃ) ဒုတိယအစရှိသော နောက်နောက်သော အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၁-နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပဌမအစရှိသော ရှေးရှေးသော ဇောတူ အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၁-နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၅)။

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော နေဝသညာနာသညာယတန ကုသိုလ် အဆုံးဇော နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၅)။

အရဟတ္တဖိုလ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော နေဝသညာနာသညာယတနကြိယာ အဆုံးဇော နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၅)။

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝတ္ထုမျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ဝတ္ထုံ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

(က) ပဌမ အောက်ဖိုသ် သောမနဿသဟဂုတ်ဇော ၁၂-နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အနုလုံကိစ္စ

တပ်သော မဟာကုသိုလ် ပဌမဒွေး နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏(၅)။

ဒုတိယ အစရှိသော နောက်နောက်သော အောက် ဖိုလ် သောမနဿသဟဂုတ်ဇော ၁၂-နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ပဌမအစရှိသော ရှေးရှေး သော ဇောဘူ အောက်ဖိုလ် သောမနဿသဟဂုတ် ဇော ၁၂-နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

ပဌမ အောက်ဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၃-နာ- မက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အနုလုံကိစ္စ တပ်သော မဟာကုသိုလ်တတိယဒွေး နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့်အတူ ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်း တရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိ- ဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

ဒုတိယ အစရှိသော နောက်နောက်သော အောက် ဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၃-နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ပဌမအစရှိသော ရှေးရှေး သော ဇောတူ အောက်ဖိုလ် ဥပေက္ခာသဟဂုတ် ဇော ၃-နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ

ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

(က) ပဌမ အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အနုလုံကိစ္စ တပ်သော မဟာကြိယာပဌမဒွေး နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏(၅)။

(ခ) ဒုတိယအစရှိသော နောက်နောက်သော အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော ၄ ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ပဌမအစရှိသော ရှေးရှေးသော ဇောတူ အရဟတ္တဖိုလ် သောမနဿသဟဂုတ်ဇော ၄-ခု နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

(ဂ) ပဌမအရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၁ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အနုလုံကိစ္စ တပ်သော မဟာကြိယာတတိယဒွေး နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏(၅)။

(ဃ) ဒုတိယအစရှိသောနောက်နောက်သော အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၁-နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်

တရားတို့သည် ပဋ္ဌမအစရှိသော ရှေးရှေးသောဇောတူ အရဟတ္တဖိုလ်ဥပေက္ခာသဟဂုတ်ဇော ၁ နာမက္ခန္ဓာ တို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏(၅)။

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော ၅-ခု အရဟတ္တဖိုလ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရား တို့သည် မိမိ မိမိတို့၏ ရှေးစိတ္တက္ခဏတချက်ခန့်ကာလ၌ ဖြစ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရ ကုန်၏ (၅)။

ဝတ္ထုမျိုးကိုဟောတော်မူသည်၏ အခြားမဲ့၌ နာနာက္ခဏိက ကမ္မမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ကမ္မ ဥပနိဿယပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

မဂ္ဂါနန္တရဖိုလ်ဇော ၂၀-မှတပါး ဖိုလ်ဇော ၂၀-နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော အတိတ်မဂ် ကုသိုလ်ကံ-၂၀ ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မ ပကတူပ နိဿယ သတ္တိကြောင့် ဖြစ်ပေါ်ရကုန်၏ (၂)။

နာနာက္ခဏိကကမ္မမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ပကတူပနိဿယကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဥပနိဿယပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

သောတာပတ္တိဖိုလ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် ၈၁၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် စေတသိက် ၅၂၊ ရုပ် ၂၈၊ ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ ပကတူပနိဿယ သတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

သကဒါဂါမိဖိုလ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် ၈၁၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် စေတသိက် ၅၂၊ ရုပ် ၂၈၊ ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

အနာဂါမိဖိုလ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် ၈၁၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိ

မဂ် အနာဂါမိဖိုလ် စေတသိက် ၅၂၊ ရုပ် ၂၀၊ ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

အရဟတ္တဖိုလ်ဇော ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော လောကီစိတ် ဂ၁၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ် အရဟတ္တမဂ် အရဟတ္တဖိုလ် စေတသိက် ၅၂၊ ရုပ် ၂၀၊ ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏(၁)။

မဂ္ဂါနန္တရဖိုလ်ဇော ၂၀-မှတပါး
ဖိုလ်ဇော ၂၀-ပြီး၏။

---

ပဋိသန္ဓေစိတ်-၁၉ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့၏
ဖြစ်ပေါ်လာပုံ အကြောင်းမျိုးစုံကို ပြဆိုခြင်း

**အဟိတ်ပဋိသန္ဓေဖြစ်ပေါ်လာပုံ**

အဟိတ် ပဋိသန္ဓေ ၂-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့ကို(၇) ကမ္မ အာဟာရ ဣန္ဒြိယ ဈာန၊

| | |
|---|---|
| ၁-နာမ် သဟဇာတမျိုး | ၁၁၊ |
| ၂-ရုပ် သဟဇာတမျိုး | ၆၊ |
| ၃-အာရမ္မဏ | ၁၊ |
| ၄-အနန္တရမျိုး | ၅၊ |
| ၅-နာနာက္ခဏိက ကမ္မမျိုး | ၂၊ |

ဤ ၂၅-ပစ္စည်းတို့ဥ္သာ ဟောတော်မူ၏။

ထို ၂၅-ပစ္စည်းတို့တွင် နာမ် သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ကမ္မ အာဟာရ ဣန္ဒြိယ ဈာနပစ္စယာ(ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ(လ) ဒွေ ခန္ဓာ(အနုဝါဒ)။

အဓိပ္ပါယ်ကား—

အဟိတ် ပဋိသန္ဓေ ၂-ခု ဆန္ဒ ပီတိ ဝိရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အစိတ်နာမက္ခန္ဓာ လေးပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အဟိတ် ပဋိသန္ဓေ ၂-ခု၊ ဆန္ဒ ပီတိ ဝိရိယကြဉ်သော အညသမာန်း စေတသိက် ၁၀၊ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ(၇)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော အဟိတ် ပဋိသန္ဓေ ၂-ခု၊ နာမက္ခန္ဓာဥ္စရှိသော စေတနာ ပစ္စည်းတရား တို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ်ပစ္စည်း တရားတို့၏ အာဟာရသတ္တိ၊ ဇီဝိတ စိတ် ဝေဒနာ နာမ် ဣန္ဒြေ ၃-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊ ပီတိကြဉ်

စျာနင် ၄-ပါး ပစ္စည်းတရားတို့၏ စျာနသတ္တိကြောင့် ဖြစ်ကုန်၏ (၁၁)။

နာမ် သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ရုပ် သဟဇာတမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စယာ(ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝတ္ထုံ ပဋိစ္စ ခန္ဓာ(အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အဟိတ် ပဋိသန္ဓေ ၂-ခု၊ ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားသည် အဟိတ် ပဋိသန္ဓေ ၂ ခု နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏(၆)။

ရုပ် သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ(ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ(အနုဝါဒ)။

အဓိပ္ပါယ်ကား—

အဟိတ် ပဋိသန္ဓေ ၂-ခု၊ ဆန္ဒ ပီတိ ဝိရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

အာရမ္မဏကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရ မျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ(ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ(အနုဝါဒ)။

အဟိတ် ပဋိသန္ဓေ ၂-ခု၊ ဆန္ဒ ပီတိ ဝိရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ချုပ်လေပြီးသော ကာမစုတိ ၁၀၊ နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏(၅)။

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ နာနာက္ခဏိကကမ္မမျိုးကို ဟောတော်မူ၏။

ဟောဟန်ကား–

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ကမ္မ ဥပနိဿယပစ္စယာ (ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား–

ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ ၁-ခု၊ ဆန္ဒ ပီတိ ဝိရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော ဥဒ္ဓစ္စစေတနာကြဉ်သော အကုသိုလ်ကံ ၁၁-ပါး ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ကုန်၏ (၂)။

သုဂတိအဟိတ်ပဋိသန္ဓေ ၁-ခု၊ ဆန္ဒ ပီတိ ဝိရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော ဒွိဟိတ်ဩမက ကာမ ကုသိုလ်ကံ ၄-ပါး ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ကုန်၏(၂)။

အဟိတ်ပဋိသန္ဓေဖြစ်ပေါ်လာပုံ ပြီး၏။

## ဒွိဟိတ်ပဋိသန္ဓေဖြစ်ပေါ်လာပုံ

ဒွိဟိတ်ပဋိသန္ဓေ ၄ ခု နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့ကို (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

| | |
|---|---|
| ၁-နာမ်သဟဇာတမျိုး | ၁၃၊ |
| ၂-ရုပ်သဟဇာတမျိုး | ၆၊ |
| ၃-အာရမ္မဏ | ၁၊ |
| ၄-အနန္တရမျိုး | ၅၊ |
| ၅-နာနာက္ခဏိကကမ္မမျိုး | ၂၊ |

ဤ ၂၇-ပစ္စည်းတို့ဖြင့်သာ ဟောတော်မူ၏။ ထို ၂၇-ပစ္စည်းတို့တွင် နာမ်သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား–

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိဘ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား–

ဒွိဟိတ်ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ်သော စေတသိက် ၃၂၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည်–

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ဒွိဟိတ်ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ်သော စေတသိက် ၃၂၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၇)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ဒွိဟိတ်ပဋိသန္ဓေ ၄-ခု၊ နာမက္ခန္ဓာ၌ရှိသော အလောဘ အဒေါသ ဟိတ် ၂-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ စေတနာပစ္စည်း တရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ပညာကြဉ် နာမ်ဣန္ဒြေ ၇-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

သောမနဿသဟဂုတ်ဖြစ်အံ့ (ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ) ဈာနင်ငါးပါး၊ ဥပေက္ခာသဟဂုတ်ဖြစ်အံ့ ပီတိကြဉ် ဈာနင်လေးပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဝိရတိ ပညာကြဉ် မဂ္ဂင် ၄-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ကုန်၏ (၁၃)။

နာမ်သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ရုပ်သဟဇာတမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ဝိဓိ)။ •

ပဋိသန္ဓိက္ခဏေ ဝတ္ထုံ ပဋိစ္စ ခန္ဓာ (အနုဝါဒ)။

**ပဋ္ဌာန်းသင်နည်း ၆—ပ-မ-သ-စ**

**အဓိပ္ပါယ်ကား—**

ဒွိဟိတ်ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ်သော စေတသိက် ၃၂၊ အစိတ်အပေါင်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ဒွိဟိတ်ပဋိသန္ဓေ ၄-ခု နာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော် ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၆)။

ရုပ်သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ဒွိဟိတ်ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ်သော စေတသိက် ၃၂၊ အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

အာရမ္မဏကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ (ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ဒွိဟိတ်ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ်သော စေတသိက် ၃၂၊ အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ချုပ်လေပြီးသော ရူပစုတိ ၅၊ ကာမစုတိ ၁၀—နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ နာနာက္ခဏိကကမ္မမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ကမ္မ ဥပနိဿယပစ္စယာ (ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

ဒွိဟိတ်ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ်သော စေတသိက် ၃၂၊ အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော တိဟိတ်ဩမက ဒွိဟိတ် ဥက္ကဋ္ဌကာမကုသိုလ်ကံ ၈-ခု ပစ္စည်းတရားတို့၏ နာနာက္ခဏိက ကမ္မပစ္စယသတ္တိကြောင့် ဖြစ်ကုန်၏ (၂)။

ကာမ ဒွိဟိတ် ပဋိသန္ဓေ ဖြစ်ပေါ်လာပုံပြီး၏။

---

## ကာမတိဟိတ်ပဋိသန္ဓေဖြစ်ပေါ်လာပုံ

ကာမတိဟိတ်ပဋိသန္ဓေ ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့ကို (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

| | |
|---|---|
| ၁-နာမ်သဟဇာတမျိုး | ၁၃၊ |
| ၂-ရုပ်သဟဇာတမျိုး | ၆၊ |
| ၃-အာရမ္မဏ | ၁၊ |
| ၄-အနန္တရမျိုး | ၅၊ |
| ၅-နာနာက္ခဏိကကမ္မမျိုး | ၂၊ |

ဤ ၂၇-ပစ္စည်းတို့ဖြင့်သာ ဟောတော်မူ၏။

ထို ၂၇-ပစ္စည်းတို့တွင် နာမ် သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ(ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု၊ ဝိရတိအပ္ပမညာကြဉ်သော စေတသိက် ၃၃၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် ၃၃၊ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ (၇)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ကာမတိဟိတ်ပဋိသန္ဓေ ၄-ခု၊ နာမက္ခန္ဓာ၌ ရှိသော အလောဘ အဒေါသအမောဟ ဟိတ် ၃-ပါး ပစ္စည်းတရားတို့၏ ဟေတု သတ္တိ၊

စေတနာပစ္စည်းတရားတို့၏ သဟဇာတ ကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ နာမ် ဣန္ဒြေရှစ်ပါးပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

သောမနဿသဟဂုတ်ဖြစ်အံ့ (ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ) ဈာနင် ငါးပါး၊ ဥပေက္ခာသဟဂုတ်ဖြစ်အံ့ ပီတိကြဉ် ဈာနင်လေးပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဝိရတိကြဉ်

မဂ္ဂင်ငါးပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ကုန်၏ (၁၃)။

နာမ်သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ရုပ်သဟဇာတမျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ဝိမိ)။

ပဋိသန္ဓိက္ခဏေ ဝတ္ထုံ ပဋိစ္စ ခန္ဓာ(အနုဝါဒ)။

အဓိပ္ပါယ်ကား—

ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု၊ နာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၆)။

ရုပ်သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (ဝိမိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ အစိတ်အပေါင်းနာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

အာရမ္မဏကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ (ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ(အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ချုပ်လေပြီးသော စုတိစိတ် ၁၉-ခု

နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ နာနာက္ခဏိကကမ္မမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ကမ္မ ဥပနိဿယ ပစ္စယာ (ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ကာမတိဟိတ်ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် ၃၃-အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော တိဟိတ်ဥက္ကဋ္ဌ ကာမကုသိုလ်ကံ ၄-ခု ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မပကတူပနိဿယသတ္တိကြောင့် ဖြစ်ကုန်၏ (၂)။

ကာမတိဟိတ်ပဋိသန္ဓေဖြစ်ပေါ်လာပုံ ပြီး၏။

---

## ရူပပဋိသန္ဓေဖြစ်ပေါ်လာပုံ

ရူပပဋိသန္ဓေ ၅-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့ကို (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁–နာမ်သဟဇာတမျိုး ၁၃၊
၂–ရုပ်သဟဇာတမျိုး ၆၊
၃–အာရမ္မဏ ၁၊
၄–အနန္တရမျိုး ၅၊
၅–နာနာက္ခဏိကကမ္မမျိုး ၂၊

ဤ ၂၇-ပစ္စည်းတို့ဖြင့်သာ ဟောတော်မူ၏။

ထို ၂၇ ပစ္စည်းတို့တွင် နာမ် သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ဟေဟု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ရူပပဋိသန္ဓေ ၅-ခု ဝိရတိကြဉ်သောစေတသိက် ၃၅၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ရူပပဋိသန္ဓေ ၅-ခု၊ ဝိရတိကြဉ်သော စေတသိက် ၃၅၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၇)၊

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ရူပပဋိသန္ဓေ ၅-ခု၊ နာမက္ခန္ဓာ၌ရှိသော အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊

စေတနာ ပစ္စည်းတရားတို့၏ သဟဇာတ ကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ နာမ် ဣန္ဒြေရှစ်ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

ပဌမစျာန် ပဋိသန္ဓေဖြစ်အံ့ ဈာနင်ငါးပါး၊ ဒုတိယစျာန် ပဋိသန္ဓေဖြစ်အံ့ ဈာနင်လေးပါး၊ တတိယစျာန် ပဋိသန္ဓေဖြစ် အံ့ ဈာနင်သုံးပါး၊ စတုတ္ထစျာန်ပဋိသန္ဓေဖြစ်အံ့ သုခ ဧကဂ္ဂ-တာ ဈာနင်နှစ်ပါး၊ ပဉ္စမစျာန် ပဋိသန္ဓေဖြစ်အံ့ ဥပေက္ခာ ဧကဂ္ဂတာ ဈာနင်နှစ်ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊

ပဌမစျာန် ပဋိသန္ဓေဖြစ်အံ့ ဝိရတိကြဉ် မဂ္ဂင်ငါးပါး၊ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဉ္စမစျာန် ပဋိသန္ဓေ ဖြစ်အံ့ ဝိရတိ ဝိတက်ကြဉ် မဂ္ဂင် ၄-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ကုန်၏ (၁၃)။

နာမ်သဟဇာတမျိုးကို ဟောတော်မူပြီးသည်၏ အခြားမဲ့၌ ရုပ်သဟဇာတမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စယာ (၀ိမိ)။

ပဋိသန္ဓိက္ခဏေ ဝတ္ထုံ ပဋိစ္စ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ရူပပဋိသန္ဓေ ၅-ခု၊ ဝိရတိကြဉ်သော စေတသိက် ၃၅-အစိတ်အပေါင်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ရူပပဋိသန္ဓေ ၅-ခု နာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော ဟဒယ-ဝတ္ထု ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၆)။

ရုပ်သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ပဥ္စမစျာန်ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ကသိုဏ်းပညတ် ၁၀-ပါး၊ အသုဘ ပညတ် ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင် အစရှိသော ကာယကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ၏ အာရုံ ဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတသတ္တဝါပညတ်၊

ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတသတ္တဝါပညတ်၊ မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတသတ္တဝါပညတ်၊ ဤ ၂၅-ပါးသောပညတ် ကမ္မနိမိတ်တို့တွင် တပါးပါးသော ပညတ်ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊ ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတသတ္တဝါပညတ်၊ မုဒိတာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတသတ္တဝါပညတ်၊ ဤ ၁၄-ပါးသော ပညတ်ကမ္မနိမိတ်တို့တွင် တပါးပါးသော ပညတ်ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

ပဉ္စမစျာန်ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ ဥပေက္ခာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊ ဤ ၁၂-ပါးသော ပညတ်ကမ္မနိမိတ်တို့တွင် တပါးပါးသော ပညတ်ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

အာရမ္မဏကို ဟောတော်မူသည်၏အခြားမဲ့၌ အနန္တရမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ (ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ရူပပဋိသန္ဓေ ၅-ခု၊ ဝိရတိကြဉ်သော စေတသိက် ၃၅၊ အစိတ် အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ချုပ်လေပြီးသောပဉ္စဝေါကာရတိဟိတ်စုတိစိတ်၉-ခု၊နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

အနန္တရမျိုးကို ဟောတော်မူသည်၏အခြားမဲ့၌ နာနာက္ခဏိကကမ္မမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ကမ္မ ဥပနိဿယပစ္စယာ (ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ရူပပဋိသန္ဓေစိတ် ၅-ခု၊ ဝိရတိကြဉ်သော စေတသိက် ၃၅-အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော ရူပကုသိုလ်ကံ ၅-ခု ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မပစ္စယသတ္တိကြောင့် ဖြစ်ကုန်၏ (၂)။

ရူပပဋိသန္ဓေ ဖြစ်ပေါ်လာပုံ ပြီး၏။

---

အရူပပဋိသန္ဓေဖြစ်ပေါ်လာပုံ

အရူပပဋိသန္ဓေ ၄-ခု၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့ကို(၇)ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁–နာမ်သဟဇာတမျိုး ၁၃၊
၂–အာရမ္မဏ ၁၊
၃–အနန္တရမျိုး ၅၊
၄–နာနာက္ခဏိကကမ္မမျိုး ၂၊
ဤ ၂၁-ပစ္စည်းတို့သည် ဟောတော်မူ၏။

ထို ၂၁-ပစ္စည်းတို့တွင် နာမ်သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိမိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ(အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အရူပပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အရူပ-ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိ ကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်း တရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၇)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော အရူပ ပဋိသန္ဓေ ၄-ခု၊ နာမက္ခန္ဓာ၌ရှိသော အလောဘ အဒေါသ အမောဟ ဟိတ် သုံးပါး ပစ္စည်း တရားတို့၏ ဟေတုသတ္တိ၊ စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ နာမ် ဣန္ဒြေရှစ်ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊ ဥပေက္ခာ ဧကဂ္ဂတာ ဈာနင်နှစ်ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဝိရတိ ဝိတက်ကြဉ် မဂ္ဂင် ၄-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ကြောင့် ဖြစ်ကုန်၏(၁၃)။

နာမ် သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ(ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ(အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အာကာသာနဉ္စာယတန ပဋိသန္ဓေ ၁-ခု၊ ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အာကာသ ကသိုဏ်းကြဉ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ် ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

ဝိညာဏဉ္စာယတနပဋိသန္ဓေ ၁-ခု၊ ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ် ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

အာကိဉ္စညာယတနပဋိသန္ဓေ ၁-ခု၊ ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အာကာသာနဉ္စာ-

ယတနစျာန်စိတ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ် ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

နေဝသညာနာသညာယတနပဋိသန္ဓေ ၁-ခု၊ ဝိရတိ အပ္ပမညာဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ် ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

အာရမ္မဏကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ (ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အာကာသာနဉ္စာယတန ပဋိသန္ဓေ ၁-ခု၊ ဝိရတိ အပ္ပမညာဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ချုပ်လေပြီးသော ပဥ္စဝေါကာရ တိဟိတ်စုတိ ၉-ခု၊ အာကာသာနဉ္စာယတနစုတိ

နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

ဝိညာဏဉ္စာယတနပဋိသန္ဓေ ၁-ခု၊ ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ချုပ်လေပြီးသော ပဉ္စဝေါကာရတိဟိတ်စုတိ ၉-ခု၊ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန စုတိနာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

အာကိဉ္စညာယတနပဋိသန္ဓေ ၁-ခု၊ ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ချုပ်လေပြီးသော ပဉ္စဝေါကာရတိဟိတ် စုတိ ၉-ခု၊ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန စုတိ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

နေဝသညာနာသညာယတနပဋိသန္ဓေ ၁-ခု၊ ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ချုပ်လေပြီးသော တိဟိတ်စုတိ ၁၃-ခု၊ နာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ နာနာက္ခဏိကကမ္မမျိုးကို ဟောတော်မူ၏။

**ဟောဟာန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ကမ္မ ဥပနိဿယပစ္စယာ (ဝိဓိ)။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အရူပပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ်နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော အရူပကုသိုလ်ကံ ၄-ခု ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မပကတူပနိဿယသတ္တိကြောင့် ဖြစ်ကုန်၏ (၂)။

အရူပ ပဋိသန္ဓေဖြစ်ပေါ်လာပုံ ပြီး၏။

ပဋိသန္ဓေ စိတ် ၁၉-ပြီးပြီ။

---

**ဘဝင်စိတ် ၁၉-ခု နာမက္ခန္ဓာ လေးပါး ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပေါ်လာပုံ အကြောင်းမျိုးစုံကို ပြဆိုခြင်း**

**အဟိတ်ဘဝင်ဖြစ်ပေါ်လာပုံ**

အဟိတ်ဘဝင် ၂-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့ကို (၇)ကမ္မ အာဟာရ ဣန္ဒြိယ စျာန၊

၁–နာမ်သဟဇာတမျိုး ၁၁၊

၂–အာရမ္မဏ ၁၊

၃–အနန္တရမျိုး ၅၊
၄–ဝတ္ထုမျိုး ၅၊
၅–နာနာက္ခဏိကကမ္မမျိုး ၂၊

ဤ ၂၄-ပစ္စည်းတို့၌သာ ဟောတော်မူ၏။

ထို ၂၄-ပစ္စည်းတို့တွင် နာမ် သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇)ကမ္မ အာဟာရ ဣန္ဒြိယ ဈာနပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အဟိတ် ဘဝင် ၂-ခု၊ ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အစိတ် နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်–

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အဟိတ် ဘဝင် ၂-ခု၊ ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်း စေတသိက် ၁၀၊ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ(၇)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော အဟိတ်ဘဝင် ၂-ခု၊ နာမက္ခန္ဓာ၌ရှိသော စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊

ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ အာဟာရ-သတ္တိ၊ ဇီဝိတ စိတ် ဝေဒနာ နာမ်ဣန္ဒြေ သုံးပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊ ပီတိကြဉ် ဈာနင်လေးပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိကြောင့် ဖြစ်ကုန်၏(၁၁)။

နာမ် သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ **အာရမ္မဏကို** ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ **အာရမ္မဏပစ္စယာ**(ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ(လ)ဒွေ ခန္ဓာ(အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အဟိတ်ဘဝင် ၂-ခု၊ ဆန္ဒ ပီတိ ဝိရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အပေါင်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါး တို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏(၁)။

အာရမ္မဏကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ(ဝိဝိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ(လ) ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အဟိတ်ဘဝင် ၂-ခု၊ ဆန္ဒ ပီတိ ဝိရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အစိတ် နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်—

၁။ ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော အဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာ၊

၂။ ဘဝင်၏ အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီးသော အဟိတ် ဘဝင်နာမက္ခန္ဓာ၊

၃။ ဝုဋ္ဌော၏ အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီးသော ဝုဋ္ဌော နာမက္ခန္ဓာ၊

၄။ ဇော၏ အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီးသော အဆုံးဇော နာမက္ခန္ဓာ၊

၅။ တဒါရုံ၏ အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီးသော ဒုတိယတဒါရုံ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏(၅။)

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝတ္ထုမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ(ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ(လ)ဒွေ ခန္ဓာ၊ ဝတ္ထုံ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ(အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အဟိတ်ဘဝင် ၂-ခု၊ ဆန္ဒ ပီတိ ဝိရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အစိတ် နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်—

၁။ ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သောအခါ အဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

၂။ ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ အဟိတ် ဘဝင် နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

၃။ ဝုဋ္ဌော၏ အခြားမဲ့၌ ဖြစ်သောအခါ ဝုဋ္ဌော နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

၄။ ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ အဆုံးဇော နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

၅။ တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ ဒုတိယ တဒါရုံ နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေတွက်သည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်း တရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

ဝတ္ထုမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ နာနာက္ခဏိကကမ္မမျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ကမ္မ ဥပနိဿယပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

ဒုဂ္ဂတိအဟိတ် ဘဝင် ၁-ခု၊ ဆန္ဒ ပီတိ ဝိရိယကြဉ်သော အညသမာန်း စေတသိက် ၁၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် အတိတ်ဖြစ်သော ဥဒ္ဓစ္စစေတနာကြဉ်သော အကုသိုလ်ကံ ၁၁-ပါး ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မပကတူပနိဿယသတ္တိကြောင့် ဖြစ်ကုန်၏ (၂)။

သုဂတိအဟိတ်ဘဝင် ၁-ခု၊ ဆန္ဒ ပီတိ ဝိရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော ဩမက-ကာမကုသိုလ်ကံ ၄-ပါး ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ကုန်၏။ (၂)။

အဟိဘ်ဘဝင်ဖြစ်ပေါ်လာပုံ ပြီး၏။

---

## ဒွိဟိတ်ဘဝင်ဖြစ်ပေါ်လာပုံ

ဒွိဟိတ်ဘဝင် ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရား တို့ကို(၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

| | |
|---|---|
| ၁–နာမ်သဟဇာတမျိုး | ၁၃၊ |
| ၂–အာရမ္မဏ | ၁၊ |
| ၃–အနန္တရမျိုး | ၅၊ |
| ၄–ဝတ္ထုမျိုး | ၅၊ |
| ၅–နာနာက္ခဏိကကမ္မမျိုး | ၂၊ |

ဤ ၂၆-ပစ္စည်းတို့ဌသာ ဟောတော်မူ၏။

ထို ၂၆-ပစ္စည်းတို့တွင် နာမ်သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ(ဝိဓိ)။

ဝိပါကာဗျာကတံ ကော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

ဒွိဟိတ်ဘဝင် ၄-ခု၊ ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ်သော စေတသိက် ၃၂၊ အစိတ်အစိတ်နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန် တရားတို့သည်–

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ကာမဒွိဟိတ် ဘဝင် ၄-ခု၊ ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ်သော စေတသိက် ၃၂၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ(၇)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ဒွိဟိတ် ဘဝင် ၄ ခု၊ နာမက္ခန္ဓာ၌ရှိသော အလောဘ အဒေါသ ဟိတ် ၂-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊

စေတနာပစ္စည်းတရားတို့၏ သဟဇာတ ကမ္မသတ္တိ၊ ဖဿ စေတနာဝိညာဏ် ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ပညာကြဉ် နာမ်ဣန္ဒြေ ၇-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

သောမနဿ သဟဂုတ်ဖြစ်အံ့ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာဈာနင်ငါးပါး၊ ဥပေက္ခာသဟဂုတ်ဖြစ်အံ့ ပီတိကြဉ် ဈာနင်လေးပါး၊ ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဝိရတိပညာကြဉ် မဂ္ဂင်လေးပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ကုန်၏ (၁၃)။

နာမ်သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ဒွိဟိတ် ၄-ခု၊ ဝိရတိအပ္ပမညာ ဉာဏ်ကြဉ်သော စေတသိတ် ၃၂၊ အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

အာရမ္မဏကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ဒွိဟိတ်ဘဝင် ၄-ခု၊ ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ်သော စေတသိက် ၃၂၊အစိတ် အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည်—

(၁) ပဋိသန္ဓေ၏ အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီး သော ဒွိဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာ၊

(၂) ဘဝင်၏ အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီးသော ဒွိဟိတ်ဘဝင် နာမက္ခန္ဓာ၊

(၃) ဝုဋ္ဌော၏ အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီးသော ဝုဋ္ဌောနာမက္ခန္ဓာ၊

(၄) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော အဆုံးဇော နာမက္ခန္ဓာ၊

(၅) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီး သော ဒုတိယတဒါရုံ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ ကြောင့် ဖြစ်ကုန်၏ (၅)။

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝတ္ထု မျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ဝိဝိ)။

ဝိပါကာဗျာကတံ စေတံ ခန္ဓံ ပဋိစ္စ(လ) ဒွေ ခန္ဓာ ဝတ္ထုံ နိဿာယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (အနု-ဝါဒ)။

**အဓိပ္ပါယ်ကား—**

ဒွိဟိတ်ဘဝင် ၄-ခု၊ ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ်သော စေတသိက် ၃၂၊အစိတ်အပေါင်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန် တရားတို့သည်–

(၁) ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သောအခါ ဒွိဟိတ် ပဋိသန္ဓေ ၄-ခု၊ နာမက္ခန္ဓာနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု၊

(၂) ဘဝင်၏အခြားမဲ့၌ ဖြစ်သောအခါ ဒွိဟိတ်ဘဝင် ၄-ခု နာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊

(၃) ဝုဋ္ဌော၏အခြားမဲ့၌ ဖြစ်သောအခါ ဝုဋ္ဌော နာမက္ခန္ဓာ နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊

(၄) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ အဆုံးဇော-နာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊

(၅) တဒါရုံ၏အခြားမဲ့၌ ဖြစ်သောအခါ ဒုတိယ တဒါရုံ နာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊

(၆) မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေတွက်သည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ နိဿယ ပုရေ-ဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

ဝတ္ထုမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ နာနာက္ခဏိက ကမ္မမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ကမ္မ ဥပနိဿယပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ဒွိဟိတ်ဘဝင် ၄-ခု၊ ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ်သော စေတသိက် ၃၂-အစိတ်အပေါင်း နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် အတိတ်ဖြစ်သော တိဟိတ် ဩမကနှင့် ဒွိဟိတ် ဥက္ကဋ္ဌကာမကုသိုလ်ကံ ၈-ခု ပစ္စည်းတရားတို့၏ နာနာက္ခဏိက ကမ္မပကတူပနိဿယသတ္တိကြောင့် ဖြစ်ကုန်၏ (၂)။

ဒွိဟိတ်ဘဝင်ဖြစ်ပေါ်လာပုံ ပြီး၏။

---

## တိဟိတ်ဘဝင်ဖြစ်ပေါ်လာပုံ

ကာမတိဟိတ်ဘဝင် ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့ကို (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁—နာမ်သဟဇာတမျိုး ၁၃၊
၂—အာရမ္မဏ ၁၊
၃—အနန္တရမျိုး ၅၊
၄—ဝတ္ထုမျိုး ၅၊
၅—နာနာက္ခဏိကကမ္မမျိုး ၂၊

ဤ ၂၆-ပစ္စည်းတို့ဖြင့် ဟောတော်မူ၏။

ထို ၂၆-ပစ္စည်းတို့တွင် နာမ်သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ကာမတိဟိတ်ဘဝင် ၄-ခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ အစိတ်အစိတ် နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန် တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ကာမ တိဟိတ်ဘဝင် ၄-ခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ(၇)။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ကာမ တိဟိတ်ဘဝင် ၄-ခု၊ နာမက္ခန္ဓာ၌ရှိသော အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊

စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ နာမ် ဣန္ဒြေရှစ်ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

သောနဿသဟဂုတ်ဖြစ်အံ့ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာနင်ငါးပါး၊ ဥပေက္ခာသဟဂုတ်ဖြစ်အံ့ ပီတိ ကြဉ် ဈာနင် လေးပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဝိရတိ ကြဉ် မဂ္ဂင်ငါးပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ကုန်၏ (၁၃)။

နာမ်သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏကို ဟောတော်မူ၏။

**ဟောဟန်ကား——**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ကာမတိဟိတ်ဘဝင် ၄-ခု၊ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် ၃၃၊ အစိတ်အပေါင်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

အာရမ္မဏကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရ မျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ(ဝိဝိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

ကာမဘိဟိဘ်ဘဝင် ၄-ခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေ တသိက် ၃၃၊ အစိတ်အပေါင်းနာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန် တရားတို့သည်–

(၁) ပဋိသန္ဓေ၏ အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီး သော ကာမတိဟိတ် ပဋိသန္ဓေလေးခု နာမက္ခန္ဓာ၊

(၂) ဘဝင်၏ အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီး သော ကာမတိဟိတ်ဘဝင်နာမက္ခန္ဓာ၊

(၃) ဝုဋ္ဌော၏အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီး သော ဝုဋ္ဌောနာမက္ခန္ဓာ၊

(၄) ဇော၏အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီးသော အဆုံးဇောနာမက္ခန္ဓာ၊

(၅) တဒါရုံ၏အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီး သော ဒုတိယတဒါရုံနာမက္ခန္ဓာ ပစ္စည်းတရားတို့၏

အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ ကြောင့် ဖြစ်ကုန်၏ (၅)။

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝတ္ထုမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ဝံဝိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ ဝတ္ထုံ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (အနုဝါဒ)။

**အဝိပ္ပါယ်ကား—**

ကာမတိဟိတ်ဘဝင် ၄-ခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ အစိတ်အပေါင်းနာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်-

(၁) ပဋိသန္ဓေ၏ အခြာမဲ့၌ဖြစ်သောအခါ ကာမတိဟိတ် ပဋိသန္ဓေလေးခု နာမက္ခန္ဓာနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု၊

(၂) ဘဝင်၏အခြားမဲ့၌ ဖြစ်သောအခါ ကာမတိဟိတ်ဘဝင် နာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊

(၃) ဝုဋ္ဌော၏ အခြားမဲ့၌ဖြစ်သောအခါ ဝုဋ္ဌောနာမက္ခန္ဓာ နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊

(၄) ဇော၏ အခြားမဲ့၌ဖြစ်သောအခါ အဆုံးဇောနာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊
(၅) တဒါရုံ၏အခြားမဲ့၌ ဖြစ်သောအခါ ဒုတိယတဒါရုံနာမက္ခန္ဓာနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု၊
(၆) မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

ဝတ္ထုမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ နာနာက္ခဏိကကမ္မမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ကမ္မ ဥပနိဿယပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ)ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ကာမတိဟိတ်ဘဝင် ၄-ခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ အစိတ်အပေါင်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော တိဟိတ်ဥက္ကဋ္ဌ ကာမကုသိုလ်ကံ ၄-ခု ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မပကတူပနိဿယသတ္တိကြောင့် ဖြစ်ကုန်၏ (၂)။

တိဟိတ်ဘဝင်ဖြစ်ပေါ်လာပုံ ပြီး၏။

## ရူပဘဝင်ဖြစ်ပေါ်လာပုံ

ရူပဘဝင် ၅-ခု နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့ကို (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁—နာမ်သဟဇာတမျိုး ၁၃၊
၂—အာရမ္မဏ ၁၊
၃—အနန္တရမျိုး ၅၊
၄—ဝတ္ထုမျိုး ၅၊
၅—နာနာက္ခဏိကကမ္မမျိုး ၂၊

ဤ ၂၆-ပစ္စည်းတို့ဖြင့်သာ ဖြစ်တော်မူ၏။

ထို ၂၆-ပစ္စည်းတို့တွင် နာမ်သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ရူပဘဝင် ၅-ခု၊ ဝိရတီကြဉ်သော စေတသိက် ၃၅-အစိတ် အစိတ် နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်—

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ရူပဘာဝင် ၅-ခု၊ ဝိရတိကြဉ်သော စေတသိက် ၃၅-အစိတ်အစိတ်နာ-မက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၇)၊

(ခ) သမ္ပယုတ္တခန္ဓာအားကျေးဇူးပြုတတ်သောရူပဘာဝင် ၅-ခု၊ နာမက္ခန္ဓာ၌ ရှိသော အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါးပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊

စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာဝိညာဏ်ပစ္စည်းတရားတို့၏အာဟာရသတ္တိ၊နာမ်ဣန္ဒြေ ရှစ်ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

ပဌမစျာန်ဖြစ်အံ့ စျာနင်ငါးပါး၊ဒုတိယစျာန်ဖြစ်အံ့ စျာနင် ၄-ပါး၊ တတိယစျာန်ဖြစ်အံ့ စျာနင်သုံးပါး၊ စတုတ္ထစျာန် ဖြစ်အံ့ သုခ ဧကဂ္ဂတာ စျာနင် နှစ်ပါး၊ ပဥ္စမစျာန်ဖြစ်အံ့ ဥပေက္ခာ ဧကဂ္ဂတာ စျာနင် နှစ်ပါး ပစ္စည်းတရားတို့၏ စျာနသတ္တိ၊

ပဌမစျာန်ဖြစ်အံ့ ဝိရတိကြဉ် မဂ္ဂင် ငါးပါး၊ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဥ္စမစျာန် ဖြစ်အံ့ ဝိရတိဝိတက် ကြဉ် မဂ္ဂင် လေးပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ကုန်၏ (၁၃)။

နာမ်သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ပဌမစျာန်ဘဝင် အစိတ်အပေါင်း နာမက္ခန္ဓာ လေးပါး ပစ္စယုပ္ပန်တရားတို့သည် ကသိုဏ်း ပညတ် ၁၀-ပါး၊ အသုဘ ပညတ် ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင် အစရှိသော ကာယကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ၏အာရုံ ဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတသတ္တဝါပညတ်၊ ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတသတ္တဝါ ပညတ်၊ မုဒိတာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်၊ ဤ ၂၅-ပါးသော ပညတ် ကမ္မနိမိတ်တို့တွင် တပါးပါးသောပညတ်ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏ သတ္တိကြောင့်ဖြစ်ကုန်၏ (၁)။

ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်ဘဝင် အစိတ် အပေါင်း နာမက္ခန္ဓာ လေးပါး ပစ္စယုပ္ပန်တရားတို့သည် ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ် သော ထွက်သက် ဝင်သက် ပညတ်၊ မေတ္တာ၏ အာရုံဖြစ် သော ခပ်သိမ်းသော သုခိတဒုက္ခိတ သတ္တဝါပညတ်၊ ကရုဏာ ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတသတ္တဝါပညတ်၊ မုဒိ

**တာ၏** အာရုံဖြစ်သော ခပ်သိမ်းသော သုခိတသတ္တဝါပညတ်၊ ဤ ၁၄–ပါးသော ပညတ်ကမ္မနိမိတ်တို့တွင် တပါးပါးသော ပညတ်ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

ပဥ္စမဈာန်ဘဝင် အစိတ်အပေါင်းနာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနသဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ ဥပေက္ခာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတဒုက္ခိတသတ္တဝါပညတ်– ဤ ၁၂-ပါးသော ပညတ်ကမ္မနိမိတ်တို့တွင် တပါးပါးသော ပညတ်ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

အာရမ္မဏကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရ မျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ **အနန္တရ** သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ (ဝိမိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ(လ)ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ရူပဘဝင် ၅-ခု၊ ဝိရတိ ကြဉ်သော စေတသိက် ၃၅-အစိတ် **အစိတ်** နာမက္ခန္ဓာ၄-ပါး ပစ္စယုပ္ပန်တရားတို့သည်–

(၁) ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော ရူပပဋိသန္ဓေနာမက္ခန္ဓာ၊

(၂) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီး သော ရူပဘဝင်နာမက္ခန္ဓာ၊

(၃) ဝုဋ္ဌော၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီး သော ဝုဋ္ဌောနာမက္ခန္ဓာ၊

(၄) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီး သော အဆုံးဇော နာမက္ခန္ဓာ–ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ အဝိဂတသတ္တိ ကြောင့် ဖြစ်ကုန်၏(၅)။

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝတ္ထုမျိုး ကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ပိမ်)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ ဝတ္ထုံ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ(အနုဝါဒ)။

အဓိပ္ပါယ်ကား—

ရူပဘဝင် ၅-ခု၊ ဝိရတိကြဉ်သော စေတသိက် ၃၅-အစိတ် အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည်–

(၁) ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သောအခါ ရူပပဋိ-သန္ဓေ နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယ ဝတ္ထု၊

(၂) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ရူပဘဝင် နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊
(၃) ဝုဋ္ဌော၏ အခြားမဲ့၌ ဖြစ်သောအခါ ဝုဋ္ဌော နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊
(၄) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ အဆုံး ဇောနာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယ ဝတ္ထု၊
(၅) မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေတွက် သည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိကြောင့် ဖြင်ကုန်၏ (၅)။

ဝတ္ထုမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ နာနာက္ခ-ဏိကကမ္မမျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ကမ္မ ဥပနိဿယပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

ရူပဘဝင်စိတ် ၅-ခု၊ ဝိရတိကြဉ်သော စေတသိက် ၃၅ အစိတ်အပေါင်း နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်

အတိတ်ဖြစ်သော ရူပကုသိုလ်ကံ ၅-ခု ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ကုန်၏ (၂)။

ရူပဘဝင်ဖြစ်ပေါ်လာပုံ ပြီး၏။

---

## အရူပဘဝင်ဖြစ်ပေါ်လာပုံ

အရူပဘဝင် ၄-ခု၊ နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့ကို (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁ – နာမ်သဟဇာတမျိုး ၁၃၊

၂ – အာရမ္မဏ ၁၊

၃ – အနန္တရမျိုး ၅၊

၄ – နာနာက္ခဏိကကမ္မမျိုး ၂၊

ဤ ၂၁-ပစ္စည်းတို့ဖြင့်သာ ဟောတော်မူ၏။

ထို ၂၁-ပစ္စည်းတို့တွင် နာမ်သဟဇာတမျိုးကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အရူပဘဝင် ၄-ခု၊ ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀-အစိတ်အစိတ် နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည်–

(က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အရူပဘဝင် ၄-ခု ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၇)၊

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော အရူပဘဝင် ၄-ခု၊ နာမက္ခန္ဓာ၌ရှိသော အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊

စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ်သုံးပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ နာမ်ဇီဝိတိန္ဒြေ ရှစ်ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊ ဥပေက္ခာ ဧကဂ္ဂတာစျာနင်နှစ်ပါး ပစ္စည်းတရားတို့၏ စျာနသတ္တိ၊ ဝိရတိ ဝိတက်ကြဉ် မဂ္ဂင်လေးပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ကုန်၏ (၁၃)။

နာမ်သဟဇာတမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏကို ဟောတော်မူ၏။

**ဟောဟန်ကား—**

**အဗျာကတော် ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (ဝိဓိ)။**

ဝိပါကာဗျာကတံ ကော် ခန္ဓံ ပဋ္ဌိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

အာကာသာနဉ္စာယတနဘဝင် ၁-ခု၊ ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် အာကာသ ကသိုဏ်းကြဉ်သော ကသိုဏ်း၉-ပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ် ကမ္မနိမိတ်ပစ္စည်းတရားတို့၏ အာရမ္မဏာသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

ဝိညာနဉ္စာယတနဘဝင် ၁-ခု၊ ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာလေးပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ် ကမ္မနိမိတ်ပစ္စည်းတရားတို့၏ အာရမ္မဏာသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

အာကိဉ္စညာယတနဘဝင် ၁-ခု ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက်-၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အာကာသနဉ္စာယတနစျာန်စိတ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ် ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏာသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

နေဝသညာနာသညာယတနဘဝင် ၁-ခု ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက် ၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော

အာကိဉ္စညာယတနကုသိုလ် ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

အာရမ္မဏကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရ မျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အရူပဘဝင် ၄-ခု ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိ ကြဉ်သော စေတသိက်-၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည်—

(၁) ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော အရူပပဋိသန္ဓေနာမက္ခန္ဓာ၊

(၂) ဘဝင်၏အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော အရူပဘဝင်နာမက္ခန္ဓာ၊

(၃) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော အဆုံးဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ ကြောင့် ဖြစ်ကုန်၏ (၅)။

အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ နာနာက္ခ-ဏိကကမ္မမျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဉပ္ပဇ္ဇတိ ကမ္မ ဥပနိဿယပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ကော် ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

အရူပဘဝင် ၄-ခု ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိ ကြဉ်သော စေတသိက်-၃၀၊ အစိတ်အစိတ် နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော အရူပကုသိုလ်ကံ ၄-ခု ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မ ပကတူပနိဿယ သတ္တိကြောင့် ဖြစ်ကုန်၏ (၂)။

အရူပဘဝင်ဖြစ်ပေါ်လာပုံ ပြီး၏။

ဘဝင်စိတ်-၁၉ ဖြစ်ပေါ်လာပုံ ပြီးပြီ။

---

## စုတိစိတ် ၁၉-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပေါ်လာပုံ အကြောင်းမျိုးစုံကို ပြဆိုခြင်း

### အဟိတ်စုတိဖြစ်ပေါ်လာပုံ

အဟိတ် စုတိစိတ် ၂-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့ကို (၇) ကမ္မ အာဟာရ ဣန္ဒြိယ ဈာန၊

၁ – သဟဇာတမျိုး ၁၁၊
၂ – အာရမ္မဏ ၁၊
၃ – အနန္တရမျိုး ၅၊
၄ – ဝတ္ထုမျိုး ၅၊
၅ – နာနာက္ခဏိကကမ္မမျိုး ၂၊

ဤ ၂၄-ပစ္စည်းတို့၌သာ ဟောတော်မူ၏။

ထို ၂၄-ပစ္စည်းတို့တွင် ၁-၂-ကို ဆိုရာ၌ ဟောပုံနှင့် အဓိပ္ပါယ်ကို အပဟိတ်ဘဝင် ၂-ခုနှင့် အတူဆိုပါ။

၃။ အာရမ္မဏကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရမျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ (ဝိဓိ)။
ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ(လ)ဒွေ ခန္ဓာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

အပဟိတ်စေတီစိတ် ၂-ခု နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် –

(က) ဇော၏အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော မရဏာသန္န ပဥ္စမဇော နာမက္ခန္ဓာ၊

(ခ) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော ဒုတိယ တဒါရုံနာမက္ခန္ဓာ၊

(ဂ) ဘဝင်၏အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော အဟိတ်ဘဝင် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ သတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

၄။ အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝတ္ထုမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ဝိဝိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ ဝတ္ထုံ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ(အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အဟိတ်စုတိစိတ် ၂-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

၅-ကိုဆိုရာ၌ ဟောပုံနှင့် အဓိပ္ပါယ်ကို အဟိတ်ဘဝင်နှင့် အတူဆိုပါ။

**အဟိတ်စုတိဖြစ်ပေါ် လာပုံ ပြီး၏။**

## ဒွိဟိတ်စုတိစိတ်ဖြစ်ပေါ်လာပုံ

ဒွိဟိတ်စုတိစိတ် ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရား တို့ကို (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁–သဟဇာတမျိုး ၁၃၊
၂–အာရမ္မဏ ၁၊
၃–အနန္တရမျိုး ၅၊
၄–ဝတ္ထုမျိုး ၅၊
၅–နာနာက္ခဏိကကမ္မမျိုး ၂၊

ဤ ၂၆-ပစ္စည်းတို့ဖြင့်သာ ဟောတော်မူ၏။

ထို ၂၆-ပစ္စည်းတို့တွင် ၁–၂ ကို ဆိုရာ၌ ဟောပုံနှင့် အဓိပ္ပါယ်ကို ဒွိဟိတ်ဘဝင်နှင့် အတူဆိုပါ။

၃–အာရမ္မဏကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရ မျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ဒွိဟိတ်စုတိစိတ် ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရား တို့သည်–

**ပဌာန်းသင်နည်း ၉—ပ-မ-သ-စ**

(က) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော မရဏာသန္နပဋ္ဌမဇော နာမက္ခန္ဓာ၊

(ခ) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီး သော ဒုတိယ တဒါရုံနာမက္ခန္ဓာ၊

(ဂ) ဘဝင်၏အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော ဒွိပဉ္စဝိညာဏ်ဘဝင် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ် ကုန်၏ (၅)။

၄—အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝတ္ထု မျိုးကို ဟောတော်မူ၏။

ဟောဟန်ကား—

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ ဝတ္ထုံ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (အနုဝါဒ)။

အဓိပ္ပါယ်ကား—

ဒွိပဉ္စစုတိစိတ် ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့ သည် စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် ၁၇-ချက်မြောက် သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား

တို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ ကြောင့် ဖြစ်ကုန်၏ (၅)။

၅-ကိုဆိုရာ၌ ဟောပုံနှင့် အဓိပ္ပါယ်ကို ဒွိဟိတ်ဘဝင်နှင့်အတူ ဆိုပါ။

ဒွိဟိတ် စုတိစိတ်ဖြစ်ပေါ်လာပုံ ပြီး၏။

---

## တိဟိတ်စုတိစိတ်ဖြစ်ပေါ်လာပုံ

ကာမတိဟိတ်စုတိစိတ် ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့ကို (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁–သဟဇာတမျိုး ၁၃၊
၂–အာရမ္မဏ ၁၊
၃–အနန္တရမျိုး ၅၊
၄–ဝတ္ထုမျိုး ၅၊
၅–နာနာက္ခဏိကကမ္မမျိုး ၂၊

ဤ ၂၆-ပစ္စည်းတို့၌သာ ဟောတော်မူ၏။

ထို ၂၆-ပစ္စည်းတို့တွင် ၁–၂ ကို ဆိုရာ၌ ဟောပုံနှင့် အဓိပ္ပါယ်ကို ကာမတိဟိတ်ဘဝင်နှင့် အတူဆိုပါ။

၃–အာရမ္မဏကို ဟောတော်မူသည်၏အခြားမဲ့၌ အနန္တရ မျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ (ဝိမိ)။

ဝိပါကာဗျာကတံ ကော်ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ကာမတိဟိတ်စုတိစိတ် ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည်—

(က) ဇော၏အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော မရဏာသန္နပဥ္စမဇော နာမက္ခန္ဓာ၊

(ခ) တဒါရုံ၏အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော ဒုတိယတဒါရုံ နာမက္ခန္ဓာ၊

(ဂ) ဘဝင်၏ အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီးသော ကာမတိဟိတ်ဘဝင် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

၄–အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝတ္ထု မျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ကော်ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ ဝတ္ထုံ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ကာမတိဟိတ်စုတိစိတ် ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည် စုတိစိတ်မှပြန်၍ရေတွက်သည်ရှိသော် ၁၇-ချက် မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟာဒယဝတ္ထု ပစ္စည်း တရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ ကြောင့် ဖြစ်ကုန်၏ (၅)။

၅–ကို ဆိုရာ၌ ဟောပုံနှင့် အဓိပ္ပါယ်ကို ကာမ တိဟိတ် ဘဝင်နှင့်အတူ ဆိုပါ။

ကာမတိဟိတ် စုတိစိတ်ဖြစ်ပေါ်လာပုံ ပြီး၏။

## ရူပစုတိစိတ်ဖြစ်ပေါ်လာပုံ

ရူပစုတိစိတ် ၅-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့ကို (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

| | |
|---|---|
| ၁–သဟဇာတမျိုး | ၁၃၊ |
| ၂–အာရမ္မဏ | ၁၊ |
| ၃–အနန္တရမျိုး | ၅၊ |
| ၄–ဝတ္ထုမျိုး | ၅၊ |
| ၅–နာနာက္ခဏိက ကမ္မမျိုး | ၂၊ |

ဤ ၂၆-ပစ္စည်းတို့၌သာ ဟောတော်မူ၏။

ထို ၂၆-ပစ္စည်းတို့တွင် ၁–၂ ကိုဆိုရာ၌ ဟောပုံနှင့်အဓိပ္ပါယ် ကို ရူပဘဝင်နှင့် အတူ ဆိုပါ။

၃–အာရမ္မဏကို ဟောတော်မူသည်၏အခြားမဲ့၌ အနန္တရ မျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဉပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဉပနိဿယ နတ္ထိ ဝိဂတပစ္စယာ(ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ(လ) ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ရူပစုတိစိတ် ၅-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည်–

(က) ဇောဝ၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော မရဏာသန္နပဉ္စမဇော နာမက္ခန္ဓာ၊

(ခ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ရူပဘဝင် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဉပနိဿယ နတ္ထိ ဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏။ (၅)

၄–အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝတ္ထုမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဉပ္ပဇ္ဇတိ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ(ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ(လ) ဒွေ ခန္ဓာ ဝတ္ထုံ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

ရူပစုတိစိတ် ၅-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့သည် စုတိစိတ်မှပြန်၍ ရေတွက်သည်ရှိသော် ၁၇-ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

၅–ကိုဆိုရာ၌ ဟောပုံနှင့် အဓိပ္ပါယ်ကို ရူပဘဝင်နှင့် အတူဆိုပါ။

ရူပစုတိစိတ်ဖြစ်ပေါ်လာပုံ ပြီး၏။

---

## အရူပစုတိစိတ်ဖြစ်ပေါ်လာပုံ

အရူပစုတိစိတ် ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့ကို (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

| | |
|---|---|
| ၁–သဟဇာတမျိုး | ၁၃၊ |
| ၂–အာရမ္မဏ | ၁၊ |
| ၃–အနန္တရမျိုး | ၅၊ |
| ၄–နာနာက္ခဏိက ကမ္မမျိုး | ၂၊ |

ဤ ၂၁-ပစ္စည်းတို့၌သာ ဟောတော်မူ၏။

ထို ၂၁-ပစ္စည်းတို့တွင် ၁-၂-ကိုဆိုရာ၌ ဟောပုံနှင့် အဓိပ္ပါယ်ကို အရူပဘဝင်နှင့် အတူဆိုပါ။

၃–အာရမ္မဏကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

**အဓိပ္ပါယ်ကား—**

အရူပစုတိစိတ် ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရား တို့သည်—

(က) ဇော၏ အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီး သော မရဏာသန္နပဋ္ဌမဇောနာမက္ခန္ဓာ၊

(ခ) ဘဝင်၏ အခြားမဲ့၌ဖြစ်သောအခါ ချုပ်လေပြီး သော အရူပဘဝင် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ ကြောင့် ဖြစ်ကုန်၏ (၅)။

၄-အနန္တရမျိုးကို ဟောတော်မူသည်၏ အခြားမဲ့၌ နာ-နာက္ခဏိကကမ္မမျိုးကို ဟောတော်မူ၏။

**ဟောဟန်ကား—**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ကမ္မ ဥပနိဿယပစ္စယာ (ဝိဓိ)။

ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (လ) ဒွေ ခန္ဓာ (အနုဝါဒ)။

**အစိပ္ပါယ်ကား—**

အရူပစုတိစိတ် ၄-ခု၊ နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရား တို့သည် အတိတ်ဖြစ်သော အရူပကုသိုလ်ကံ ၄-ခု ပစ္စည်းတရား တို့၏ နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိကြောင့် ဖြစ်ကုန်၏ (၂)။

အရူပစုတိစိတ်ဖြစ်ပေါ်လာပုံ ပြီး၏။

စုတိစိတ် ၁၉ ဖြစ်ပေါ်လာပုံ ပြီးပြီ။

---

## ရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံ

ပဉ္စဒွါရဝီထိ၌ ပဉ္စဝိညာဏ်တို့၏ ဥပါဒ်ခဏ ဌီခဏ ဘင်ခဏ တို့နှင့် အတူပြိုင်၍ ဖြစ်ကောင်းသော ရုပ်တို့ကား ၃-မျိုး— (၁) ပဝတ္တိကမ္မဇရုပ် (၂) ဥတုဇရုပ် (၃) အာဟာရဇရုပ်တို့ တည်း။

ပဉ္စဝိညာဏ်မှ ကြွင်းသော ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်း သန္တီရဏ ဝုဋ္ဌော ဇော တဒါရုံတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်ကောင်းသော ရုပ်တို့ကား ၄-မျိုး— (၁) စိတ္တဇရုပ် (၂) ပဝတ္တိကမ္မဇရုပ် (၃) ဥတုဇရုပ် (၄) အာဟာရဇရုပ်တို့ တည်း။

ဌီခဏ ဘင်ခဏတို့နှင့်အတူ ပြိုင်၍ဖြစ်ကောင်းသော ရုပ်တို့ ကား သုံးမျိုး-(၁) ပဝတ္တိကမ္မဇရုပ်၊ (၂) ဥတုဇရုပ်၊ (၃) အာဟာရဇရုပ်တို့တည်း။

## ပဉ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ စိတ္တဇရုပ် စသည်တို့၏ ဖြစ်ပေါ်တည်နေပုံ အကြောင်းမျိုးစုံကို ပြဆိုခြင်း

ပဉ္စဒွါရာဝဇ္ဇန်း စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် (၅)ကမ္မ အာဟာရ ဣန္ဒြိယ ဈာန၊

၁–နာမ်သဟဇာတမျိုး ၉၊
၂–ရုပ်သဟဇာတမျိုး ၅၊
၃–ပစ္ဆာဇာတမျိုး ၄၊
၄–ရူပအာဟာရမျိုး ၃၊

ဤ ၂၁-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ကုန်၏။

ထို ၂၁-ပါးသော ပစ္စည်းတရားတို့တွင်–

(၁) နာမ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား—ပဉ္စဒွါရာဝဇ္ဇန်း စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ပဉ္စဒွါရာဝဇ္ဇန်း ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၅)၊

စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဇီဝိတ စိတ်ဝေဒနာ နာမ်ဣန္ဒြေသုံးပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊ ပီတိကြဉ် ဈာနင် ၄-ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိကြောင့် ဖြစ်ကုန်၏ (၉)။

(၂) ရုပ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား—ပဉ္စဒွါရာဝဇ္ဇန်း စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ ယထာရဟ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

(၃) ပစ္ဆာဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား— ပဉ္စဒွါရာဝဇ္ဇန်း စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ပစ္ဆာဇာတ ပဉ္စဝိညာဏ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၄)။

(၄) ရူပအာဟာရမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား—ပဉ္စဒွါရာဝဇ္ဇန်း စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကဩဇာပစ္စည်းတရားတို့၏ ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၃)။

### ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ် ဌီဘင်ခဏတို့နှင့် အတူ ပြိုင်၍ ဖြစ်သော ပဝတ္တိကမ္မဇရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံကို ပြဆိုခြင်း

ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည်–

၁-ရုပ်သဟဇာတမျိုး ၅၊

၂-ပစ္ဆာဇာတမျိုး ၄၊

၃–ရူပအာဟာရမျိုး ၃၊
၄–ရူပဇီဝိတိန္ဒြိယမျိုး ၃၊
၅–နာနာက္ခဏိကကမ္မ ၁၊

ဤ ၁၆-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ကုန်၏။

ထို ၁၆-ပါးသော ပစ္စည်းတရားတို့တွင်——

(၁) ရုပ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား——ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ကလာပ်တူ အစိတ်အပေါင်းမဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ ယထာရဟ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိကြောင့်ဖြစ်ကုန်၏ (၅)။

(၂) ပစ္ဆာဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား— ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ပစ္ဆာဇာတ ပဋ္ဌိဝိညာဏ် ပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိကြောင့် ဖြစ်ကုန်၏ (၄)။

(၃) ရူပအာဟာရမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား——ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကဩဇာ ပစ္စည်းတရားတို့၏ ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၃)။

(၄) ရူပဇီဝိတိန္ဒြိယ ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား——ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့၏ ရူပဇီဝိတိန္ဒြိယ

ရူပဇီဝိတိန္ဒြိယတ္တိ ရူပဇီဝိတိန္ဒြိယအဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၃)။

(၅) နာနာက္ခဏိကကမ္မ ပစ္စည်းတရားကြောင့် ဖြစ်ပေါ်တည်နေရပုံကား—ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန် တရားတို့သည် အတိတ်ဖြစ်သော ကာမကုသိုလ်ကံ အကုသိုလ်ကံ ၂၀-ရူပကုသိုလ်ကံ ၅-ပါး ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မ သတ္တိကြောင့် ဖြစ်ကုန်၏ (၁)။

## ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ် ဌီ ဘင် ခဏတို့နှင့် အတူပြိုင်၍ဖြစ်သော ဥတုဇရုပ်အာဟာရဇရုပ် တို့၏ ဖြစ်ပေါ်တည်နေပုံကိုပြဆိုခြင်း

ဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည်—

၁ – ရုပ်သဟဇာတမျိုး ၅၊
၂ – ပစ္ဆာဇာတမျိုး ၄၊
၃ – ရူပအာဟာရမျိုး ၃၊

ဤ ၁၂-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ကုန်၏။

ထို ၁၂-ပါးသော ပစ္စည်းတရားတို့တွင်—

(၁) ရုပ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား—ဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ကလာပ်တူအစိတ်အပေါင်း မဟာဘုတ် ၄-ပါး ပစ္စည်း

တရားတို့၏ ယထာရဟ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၅)။

(၂) ပစ္ဆာဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား—ဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ပစ္ဆာဇာတ ပဉ္စဝိညာဏ်ပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၄)။

(၃) ရူပအာဟာရမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား—ဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကဩဇာ ပစ္စည်းတရားတို့၏ ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၃)။

### ပဉ္စဝိညာဏ်၏ဥပါဒ် ဌီ ဘင် ခဏတို့နှင့်အတူ ပြိုင်၍ဖြစ်သော ပဝတ္တိကမ္မဇရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံကို ပြဆိုခြင်း

ပဝတ္တိ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည်—

၁–ရုပ်သဟဇာတမျိုး ၅၊
၂–ပစ္ဆာဇာတမျိုး ၄၊
၃–ရုပ်အာဟာရမျိုး ၃၊
၄–ရူပဇီဝိတိန္ဒြိယမျိုး ၃၊
၅–နာနာက္ခဏိကကမ္မ ၁၊

ဤ ၁၆-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ကုန်၏။ ထို ၁၆-ပါးသော ပစ္စည်းတရားတို့တွင်——

(၂) ပစ္ဆာဇာတမျိုးကို ဆိုရာ၌ ပစ္ဆာဇာတသမ္ပယုတ္တစိတ္တုပ္ပါဒ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ကုန်၏ (၄)။

(၁-၃-၄-၅–တို့ကိုဆိုရာ၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ)

**ပဥ္စဝိညာဏ်၏ ဥပါဒ် ဌီဘင်ခဏတို့နှင့် အတူပြိုင်၍ဖြစ်သော ဥတုဇရုပ် အာဟာရဇရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံကို ပြဆိုခြင်း**

ဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည်–

၁–ရုပ်သဟဇာတမျိုး ၅၊

၂–ပစ္ဆာဇာတမျိုး ၄၊

၃–ရုပအာဟာရမျိုး ၃၊

ဤ ၁၂-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ကုန်၏။

(ထို ၁၂-ပါးသော ပစ္စည်းတရားတို့တွင် ၁-၂-၃-တို့ကိုဆိုရာ၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ။)

**သမ္ပယုတ္တစိတ္တုပ္ပါဒ်နာမက္ခန္ဓာ စိတ္တဇရုပ်ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပေါ်တည်နေပုံအကြောင်းမျိုးစုံကို ပြဆိုခြင်း**

သမ္ပယုတ္တစိတ္တုပ္ပါဒ် စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် (၆) ကမ္မ အာဟာရ ဣန္ဒြိယ ဈာန၊

၁–နာမ်သဟဇာတမျိုး ၁၀၊
၂–ရုပ်သဟဇာတမျိုး ၅၊
၃–ပစ္ဆာဇာတမျိုး ၄၊
၄–ရူပအာဟာရမျိုး ၃၊

ဤ ၂၂-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ကုန်၏။

ထို ၂၂-ပါးသော ပစ္စည်းတရားတို့တွင်–

(၁) နာမ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား – သမ္ပဋိစ္ဆိုန်း စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် သမ္ပဋိစ္ဆိုန်းဒွေး ဆန္ဒ ပီတိ ဝိရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ (၆)၊ စေတနာပစ္စည်းတရားတို့၏ သဟဇာတ ကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဇီဝိတ စိတ် ဝေဒနာ နာမ်ဣန္ဒြေသုံးပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊ ပီတိကြဉ် ဈာနင် ၄-ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိကြောင့် ဖြစ်ကုန်၏ (၁၀)။

၂–၄-တို့ကို ပြဆိုပြီးခဲ့သည့်အတိုင်း ဆိုပါ၊ ၃-ပစ္ဆာဇာတကိုဆိုရာ၌ ပစ္ဆာဇာတ သန္တိရဏ နာမက္ခန္ဓာဟု ဆိုပါ။

သမ္ပဋိစ္ဆိုန်း နာမက္ခန္ဓာ၏ ဥပါဒ် ဌီဘင် ခဏတို့နှင့် အတူပြိုင်၍ဖြစ်သော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ။

## သန္တိရဏ နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပေါ်တည်နေပုံ အကြောင်းမျိုးစုံကိုပြဆိုခြင်း

သန္တိရဏ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် (၆) ကမ္မ အာဟာရ ဣန္ဒြိယ ဈာန၊

၁–နာမ်သဟဇာတမျိုး ၁၀၊

၂–ရုပ်သဟဇာတမျိုး ၅၊

၃–ပစ္ဆာဇာတမျိုး ၄၊

၄–ရူပအာဟာရမျိုး ၃၊

ဤ ၂၂-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ကုန်၏၊ထို ၂၂-ပါးသော ပစ္စည်းတရားတို့တွင်—

(၁) နာမ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား–သန္တိရဏ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် သန္တိရဏစိတ် ၃-ခု၊ ဆန္ဒ ဝိရိယ ကြဉ်သော အညသမာန်းစေတသိက် ၁၁၊ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၆)၊

စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဇီဝိတ စိတ် ဝေဒနာ နာမ် ဣန္ဒြေသုံးပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

သောမနဿသဟဂုတ် သန္တိရဏ စိတ္တဇရုပ်ဖြစ်အံ့ ဈာနင်္ဂ ၅-ပါး၊ ဥပေက္ခာသဟဂုတ်သန္တိရဏ စိတ္တဇရုပ်ဖြစ်အံ့ ပီတိ

ကြဉ် ဈာနင်လေးပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိကြောင့် ဖြစ်ကုန်၏ (၁၀)။

၂-၄-တို့ကို ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ။ ၃-ပစ္ဆာဇာတကိုဆိုရာ၌ ပစ္ဆာဇာတ ဝုဋ္ဌော နာမက္ခန္ဓာဟု ဆိုပါ။

သန္တိရဏနာမက္ခန္ဓာ၏ ဉပါဒ်ဌီ ဘင် ခဏတို့နှင့်အတူပြိုင်၍ ဖြစ်ကြသော ပဝတ္တိကမ္မဇရုပ် ဉတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ။

ဝုဋ္ဌောနာမက္ခန္ဓာစိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပေါ်တည်နေပုံ အကြောင်းမျိုးစုံကို ပြဆိုခြင်း

ဝုဋ္ဌော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် (၅) ကမ္မ အာဟာရ ဣန္ဒြိယ ဈာန၊

၁–နာမ်သဟဇာတမျိုး ၉၊
၂–ရုပ်သဟဇာတမျိုး ၅၊
၃–ပစ္ဆာဇာတမျိုး ၄၊
၄–ရူပအာဟာရမျိုး ၃၊

ဤ ၂၁-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ကုန်၏။

ထို ၂၁-ပါးသော ပစ္စည်းတရားတို့တွင်—

(၁) နာမ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား-ဝုဋ္ဌော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ဝုဋ္ဌော ဆန္ဒ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၁၊

အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၅)။

စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဇီဝိတ စိတ် စေတနာ ဝီရိယ ဧကဂ္ဂတာ နာမ်ဣန္ဒြေငါးပါး ပစ္စည်း တရားတို့၏ ဣန္ဒြိယသတ္တိ ပီတိကြဉ် ဈာနင်လေးပါး ပစ္စည်း တရားတို့၏ ဈာနသတ္တိကြောင့် ဖြစ်ကုန်၏ (၉)။

၂-၄-တို့ကို ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ၊ ၃-ပစ္ဆာဇာတ ကိုဆိုရာ၌ ပစ္ဆာဇာတပဋ္ဌမဇောနာမက္ခန္ဓာဟု ဆိုပါ။

ဝုဋ္ဌောနာမက္ခန္ဓာ၏ဥပါဒ် ဌီ ဘင် ခဏတို့နှင့် အတူပြိုင်၍ ဖြစ်ကြသော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကို လည်း ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ။

### မဟာကုသိုလ်ပဌမဇော နာမက္ခန္ဓာစိတ္တဇရုပ်ပစ္စယုပ္ပန်တရား တို့၏ ဖြစ်ပေါ်တည်နေပုံ အကြောင်းမျိုးစုံကို ပြဆိုခြင်း

မဟာကုသိုလ်ပဌမဇော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့ သည် (၅) ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

| | |
|---|---|
| ၁–နာမ်သဟဇာတမျိုး | ၁၂၊ |
| ၂–ရုပ်သဟဇာတမျိုး | ၅၊ |
| ၃–ပစ္ဆာဇာတမျိုး | ၄၊ |
| ၄–ရူပအာဟာရမျိုး | ၃၊ |

ဤ ၂၄-ပါးသော ပစ္စည်းတရားတို့ကြောင့်သာဖြစ်ကုန်၏။

ထို ၂၄-ပါးသော ပစ္စည်းတရားတို့တွင်—

(၁) နာမ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား–မဟာကုသိုလ်ပဌမဇော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် မဟာကုသိုလ်ပဌမဇော ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၅)။

ဒွိဟိတ် စိတ္တဇရုပ်ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ် စိတ္တဇရုပ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ၊ ဤဟိတ် နှစ်ပါး သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊

ဒွိဟိတ်စိတ္တဇရုပ်ဖြစ်အံ့ ဆန္ဒ ဝီရိယ စိတ်၊ တိဟိတ်စိတ္တဇရုပ်ဖြစ်အံ့ ဆန္ဒ ဝီရိယ စိတ် ဝီမံသ သုံးပါးလေးပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ အဓိပတိသတ္တိ၊

စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဒွိဟိတ် စိတ္တဇရုပ်ဖြစ်အံ့ ပညာကြဉ် နာမ်ဣန္ဒြေ ၇-ပါး၊ တိဟိတ်စိတ္တဇ ရုပ်ဖြစ်အံ့ နာမ်ဣန္ဒြေ ၈-ပါး- ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

သောမနဿသဟဂုတ် စိတ္တဇရုပ်ဖြစ်အံ့ ဈာနင်ငါးပါး၊ ဥပေက္ခာသဟဂုတ် စိတ္တဇရုပ်ဖြစ်အံ့ ပီတိကြဉ် ဈာနင်လေးပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဒွိဟိတ်စိတ္တဇရုပ်ဖြစ်အံ့ ဝိရတိ ပညာကြဉ် မဂ္ဂင်လေးပါး၊ တိဟိတ်စိတ္တဇရုပ်ဖြစ်အံ့ ဝိရတိကြဉ်

မဂ္ဂင်ငါးပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ကုန်၏ (၁၂)။

၂-၄-တို့ကို ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ၊ ၃-ပစ္ဆာဇာတကို ဆိုရာ၌ ပစ္ဆာဇာတဒုတိယာဒိဇောနာမက္ခန္ဓာဟု ဆိုပါ။

မဟာကုသိုလ် ပဥ္စမဇော နာမက္ခန္ဓာ၏ ဥပါဒ် ဌီ ဘင် ခဏတို့နှင့် အတူပြိုင်၍ဖြစ်ကြသော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ။

မဟာကုသိုလ် ဒုတိယာဒိဇော အကုသိုလ်ဇော ကြိယာဇောတို့နှင့်အတူ ဥပါဒ်သော စိတ္တဇရုပ် ဥပါဒ် ဌီ ဘင် ခဏတို့နှင့်အတူ ပြိုင်၍ဖြစ်သော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ။

---

## အဟိတ်ပဉ္စမတဒါရုံနာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန် တရားတို့၏ ဖြစ်ပေါ်တည်နေပုံ အကြောင်းမျိုးစုံကို ပြဆိုခြင်း

အဟိတ်ပဉ္စမတဒါရုံ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် (၆) ကမ္မ အာဟာရ ဣန္ဒြိယ ဈာန၊

၁ – နာမ်သဟဇာတမျိုး ၁၀၊
၂ – ရုပ်သဟဇာတမျိုး ၅၊
၃ – ပစ္ဆာဇာတမျိုး ၄၊
၄ – ရူပအာဟာရမျိုး ၃၊

ဤ ၂၂-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ကုန်၏။ ထို ၂၂-ပါးသော ပစ္စည်းတရားတို့တွင်—

(၁) နာမ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား – အဟိတ်ပဋ္ဌမတဒါရုံ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် အဟိတ်ပဋ္ဌမတဒါရုံ ဆန္ဒ ဝိရိယ ကြဉ်သော အညသမာန်းစေတသိက်-၁၁ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၆)။

စေတနာ ပစ္စည်းတရားတို့၏ သဟဇာတ ကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဇီဝိတ စိတ် ဝေဒနာ နာမ် ဣန္ဒြေသုံးပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

အဟိတ်သောမနဿသဟဂုတ် ပဋ္ဌမတဒါရုံ စိတ္တဇရုပ်ဖြစ်အံ့ ဈာနင်ငါးပါး၊ အဟိတ် ဥပေက္ခာသဟဂုတ်ပဋ္ဌမတဒါရုံ စိတ္တဇရုပ်ဖြစ်အံ့ ပီတိကြဉ် ဈာနင် ၄-ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိကြောင့် ဖြစ်ကုန်၏ (၁၀)။

၂-၄-တို့ကို ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ။ ၃ - ပစ္ဆာဇာတကိုဆိုရာ၌ ပစ္ဆာဇာတအဟိတ်ဒုတိယတဒါရုံ နာမက္ခန္ဓာဟု ဆိုပါ။

အဟိတ်ပဋ္ဌမတဒါရုံ နာမက္ခန္ဓာ၏ ဥပါဒ် ဌီ ဘင် ခဏတို့နှင့် အတူပိုင်၍ဖြစ်ကြသော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ။

အဟိတ်ဒုတိယတဒါရုံစိတ္တဇရုပ်ကိုလည်း အဟိတ်ပဋ္ဌမတဒါရုံစိတ္တဇရုပ်ကို နည်းမှီး၍ ဆိုပါ။ ပစ္ဆာဇာတပဋ္ဌမဘဝင် နာမက္ခန္ဓာဟု ဆိုရုံသာ ထူး၏။

## သဟိတ်ပဋိသန္ဓေမတဒါရုံ နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပေါ်တည်နေပုံ အကြောင်း မျိုးစုံကို ပြဆိုခြင်း

သဟိတ်ပဋိသန္ဓေမတဒါရုံ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် (၆) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁ – နာမ်သဟဇာတမျိုး ၁၂၊
၂ – ရုပ်သဟဇာတမျိုး ၅၊
၃ – ပစ္ဆာဇာတမျိုး ၄၊
၄ – ရူပအာဟာရမျိုး ၃၊

ဤ ၂၄-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ကုန်၏။ ထို ၂၄-ပါးသော ပစ္စည်းတရားတို့တွင်—

(၁) နာမ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား – သဟိတ်ပဋိသန္ဓေမတဒါရုံ နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် သဟိတ်ပဋိသန္ဓေမတဒါရုံ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် ၃၃-အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၆)၊

ဒွိဟိတ်တဒါရုံ စိတ္တဇရုပ်ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ်တဒါရုံ စိတ္တဇရုပ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ၊ ဤဟိတ် နှစ်ပါး သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊

စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဒွိဟိတ်တဒါရုံစိတ္တဇရုပ်ဖြစ်အံ့ ပညာကြဉ် နာမ်ဣန္ဒြေ ၇-ပါး၊ တိဟိတ်

တဒါရုံ စိတ္တဇရုပ်ဖြစ်အံ့ နာမ်ကွန္ဓေ ဂ-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

သောမနဿသဟဂုတ်ပဌမတဒါရုံ စိတ္တဇရုပ်ဖြစ်အံ့ ဈာနင် ငါးပါး၊ ဥပေက္ခာသဟဂုတ်ပဌမတဒါရုံ စိတ္တဇရုပ်ဖြစ်အံ့ ပီတိကြဉ် ဈာနင်လေးပါး၊ ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဒွိဟိတ်ပဌမတဒါရုံ စိတ္တဇရုပ်ဖြစ်အံ့ ဝိရတိ ပညာကြဉ် မဂ္ဂင်လေးပါး၊ တိဟိတ်ပဌမတဒါရုံ စိတ္တဇရုပ်ဖြစ်အံ့ ဝိရတိကြဉ် မဂ္ဂင်ငါးပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့် ဖြစ်ကုန်၏ (၁၂)။

၂-၄-တို့ကို ပြဆိုခဲ့ပြီးသည်အတိုင်းဆိုပါ။ ၃-ပစ္ဆာဇာတကို ဆိုရာ၌ ပစ္ဆာဇာတသဟိတ် ဒုတိယတဒါရုံ နာမက္ခန္ဓာဟုဆိုပါ။

သဟိတ်ပဌမတဒါရုံ နာမက္ခန္ဓာ၏ ဥပါဒ် ဌီ ဘင် ခဏတို့နှင့် အတူပြိုင်၍ဖြစ်ကြသော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုပါ။

သဟိတ်ဒုတိယတဒါရုံနာမက္ခန္ဓာ စိတ္တဇရုပ် စသည်တို့ကိုလည်း သဟိတ်ပဌမတဒါရုံ နာမက္ခန္ဓာ စိတ္တဇရုပ်ကို နည်းမှီး၍ ဆိုပါ။

စိတ္တဇရုပ်ဖြစ်ပေါ် တည်နေပုံ ပြီး၏။

---

## ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပေါ်တည်နေပုံ အကြောင်းမျိုးစုံကို ပြဆိုခြင်း

ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန် တရားတို့သည် (၆) ကမ္မ အာဟာရ ဣန္ဒြိယ ဈာန၊

၁ – နာမ်သဟဇာတမျိုး ၁၀၊

၂ – ရုပ်သဟဇာတမျိုး ၅၊

၃–ပစ္ဆာဇာတမျိုး ၄၊
၄–ရူပဇီဝိတိန္ဒြိယမျိုး ၃၊
၅–နာနာက္ခဏိကကမ္မ ၁၊

ဤ ၂၃-ပါးသော ပစ္စည်းတရား တို့ကြောင့်သာ ဖြစ်ကုန်၏။

ထို ၂၃-ပါးသော ပစ္စည်းတရားတို့တွင်—

(၁) နာမ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား– ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် အဟိတ်ပဋိသန္ဓေ ၂-ခု၊ ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အပေါင်းနာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၆)၊

စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဇီဝိတ စိတ်ဝေဒနာ နာမ်ဣန္ဒြေ ၃-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊ ပီတိကြဉ် ဈာနင် ၄-ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁၀)။

(၂) ရုပ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား– ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ ယထာရဟာ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၅)။

(၃) ပစ္ဆာဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား- ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ပစ္ဆာဇာတ ပဌမဘဝင်နာမက္ခန္ဓာပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၄)။

(၄) ရူပဇီဝိတိန္ဒြိယမျိုးပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား- ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားတို့၏ ရူပဇီဝိတိန္ဒြိယ ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယအဝိဂတသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၃)။

(၅) နာနာက္ခဏိကကမ္မ ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား- ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော ဥဒ္ဓစ္စ စေတနာကြဉ်သော အကုသိုလ်ကံ ၁၁၊ ဒွိဟိတ်ဩမကကာမကုသိုလ်ကံ ၄-ခု ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁)။

အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားတို့သည် (၇) ကမ္မ အာဟာရ ဣန္ဒြိယ ဈာန၊

၁-နာမ်သဟဇာတမျိုး ၁၁၊
၂-ရုပ်သဟဇာတမျိုး ၄၊
၃-ပစ္ဆာဇာတမျိုး ၄၊
၄-ရူပဇီဝိတိန္ဒြိယမျိုး ၃၊
၅-နာနာက္ခဏိကကမ္မ ၁၊

ဤ ၂၃-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ကုန်၏။

ထို ၂၃-ပါးသော ပစ္စည်းတရားတို့တွင်-

(၁) နာမ်သဟဇာတမျိုး ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရပုံကား- အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထုပစ္စယုပ္ပန်တရားတို့သည် အဟိတ်ပဋိသန္ဓေ ၂-ခု၊ ဆန္ဒပီတိ ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အစိတ်အပေါင်းနာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမညနိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၇)။

စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿစေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ ဇီဝိတစိတ်ဝေဒနာ နာမ်ဣန္ဒြေ ၃-ပါးပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊ ပီတိကြဉ် ဈာနင် ၄-ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိကြောင့် ဖြစ်ပေါ်တည်နေရကုန်၏ (၁၁)။

(၂-၃-၄-၅-တို့ကို ပြဆိုခဲ့ပြီးသော အဟိတ်ပဋိသန္ဓေကမ္မဇရုပ်နှင့် အတူဆိုပါ။)

ဟဒယဝတ္ထုမှတပါး ဒွိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် (၆)ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

| | |
|---|---|
| ၁-နာမ်သဟဇာတမျိုး | ၁၂၊ |
| ၂-ရုပ်သဟဇာတမျိုး | ၅၊ |
| ၃-ပစ္ဆာဇာတမျိုး | ၄၊ |
| ၄-ရုပဇီဝိတိန္ဒြိယမျိုး | ၃၊ |
| ၅-နာနာက္ခဏိကကမ္မ | ၁၊ |

ဤ ၂၅-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ပေါ်တည်နေရကုန်၏။

ဖြစ်ပေါ်တည်နေရပုံကား—

၁။ ဟဒယဝတ္ထုမှတပါး ဒွိပဉ္စဝိညာဏ်ကို ခြံရံလျက်ရှိ သောပဉ္စဝိညာဏ်ဓာတ်ဖြစ်သော ပစ္စယုပ္ပန်တရားတို့သည် ဒွိပဉ္စဝိညာဉ် ၄-ခု၊ ဝိရတီ အပ္ပမညာ ဥာဏ်ကြဉ်သော စေတသိက် ၃၂၊ အစိတ်အစပေါင်းနာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၆)။

အလောဘ အဒေါသ ဟိတ်နှစ်ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မ သတ္တိ၊ ဖဿ စေတနာ ဝိညာဏ် ပစ္စည်း တရားတို့၏ အာဟာရသတ္တိ၊ ပညာကြဉ် နာမ်ဣန္ဒြေ ၇-ပါး ပစ္စည်းတရား တို့၏ ဣန္ဒြိယသတ္တိ၊ သောမနဿသဟဂုတ်ပဋိသန္ဓေ ကမ္မဇရုပ် ဖြစ်အံ့ ဈာနင် ၅-ပါး၊ ဥပေက္ခာသဟဂုတ် ပဋိသန္ဓေကမ္မဇရုပ် ဖြစ်အံ့ ပီတိကြဉ် ဈာနင် ၄-ပါး ပစ္စည်းတရားတို့၏ ဈာန သတ္တိ၊ ဝိရတိ ပညာကြဉ် မဂ္ဂင် ၄-ပါး ပစ္စည်းတရားတို့၏ မဂ္ဂ သတ္တိကြောင့်ရင်း (၁၂)၊

(၂) ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ ယထာရဟ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိကြောင့်ရင်း (၅)၊

(၃) ပစ္ဆာဇာတ ပဋမဘဝင် နာမက္ခန္ဓာ ပစ္စည်းတရား တို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့်ရင်း (၄)၊

(၄) ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားတို့၏ ရူပဇီဝိ တိန္ဒြိယ ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယအဝိဂတသတ္တိကြောင့် ရင်း (၃)၊

၅။ တိဟိတ်ဩမက ကာမကုသိုလ်ကံ ၄-ခု၊ ဒွိဟိတ်ဥက္ကဋ္ဌ ကာမကုသိုလ်ကံ ၄-ခု၊ ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မ သတ္တိကြောင့်ရင်း (၁) ဖြစ်ပေါ်တည်နေရကုန်၏။

ဒွိဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထု ပစ္စယုပ္ပန် တရားတို့ သည် (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ၊

၁–နာမ် သဟဇာတမျိုး ၁၃၊
၂–ရုပ်သဟဇာတမျိုး ၄၊
၃–ပစ္ဆာဇာတမျိုး ၄၊
၄–ရူပဇီဝိတိန္ဒြိယမျိုး ၃၊
၅–နာနာက္ခဏိကကမ္မ ၁၊

ဤ ၂၅-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ပေါ် တည်နေရကုန်၏။

**ဖြစ်ပေါ်တည်နေရပုံကား—**

(၁) ဒွိဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထု ပစ္စယုပ္ပန် တရားတို့သည် ဒွိဟိတ်ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာ ဉာဏ် ကြဉ်သောစေတသိက် ၃၂၊ အစိတ်အပေါင်းနာမက္ခန္ဓာ ပစ္စည်း တရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ(၇)၊

အလောဘ အဒေါသ ဟိတ်နှစ်ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ စေတနာ ပစ္စည်းတရားတို့၏ သဟဇာတ ကမ္မ သတ္တိ၊ ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ အာဟာရ

သတ္တိ၊ ပညာကြဉ် နာမ်ဣန္ဒြေ ၇-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

သောမနဿသဟဂုတ်ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထု ဖြစ်အံ့ ဈာနင်ငါးပါး၊ ဥပေက္ခာသဟဂုတ်ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထုဖြစ်အံ့ ပီတိကြဉ် ဈာနင်လေးပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဝိရတိ ပညာကြဉ် မဂ္ဂင် ၄-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့်ရင်း (၁၃)၊

(၂) ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ အတ္ထိ အဝိဂတသတ္တိကြောင့်ရင်း(၄)၊

(၃) ပစ္ဆာဇာတပဌမဘဝင်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့်ရင်း(၄)၊

(၄) ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့၏ ရူပဇီဝိတိန္ဒြိယ ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယအဝိဂတသတ္တိကြောင့်ရင်း(၃)၊

(၅) တိဟိတ်သြမက ကာမကုသိုလ်ကံ ၄-ခု၊ ဒွိဟိတ်ဥက္ကဋ္ဌကာမကုသိုလ်ကံ ၄-ခု ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မသတ္တိကြောင့်ရင်း(၁) ဖြစ်ပေါ်တည်နေရကုန်၏။

(၈) ဟဒယဝတ္ထုမှတပါး ကာမတိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည်(၆)ပေါတ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁–နာမ်သဟဇာတမျိုး ၁၂၊

၂–ရုပ်သဟဇာတမျိုး ၅၊

၃–ပဉ္စာဒွာရမျိုး ၄၊
၄–ရူပဗီဝိတိန္ဒြိယမျိုး ၃၊
၅–နာနာက္ခဏိကကမ္မ ၁၊

ဤ ၂၅-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ပေါ်တည်နေရကုန်၏။

ဖြစ်ပေါ်တည်နေရပုံကား—

(၁) ဟဒယာဝတ္ထုမှတပါး ကာမတိဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ပစ္စယုပ္ပန်တရားတို့သည် ကာမတိဟိတ်ပဋိသန္ဓေ ၄-ခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ အစိတ် အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ(၆)၊

အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ်ပစ္စည်း တရားတို့၏ အာဟာရသတ္တိ၊ နာမ်ဇ္ဈန္ဒြေ ၈-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

သောမနဿသဟဂုတ် ပဋိသန္ဓေ ကမ္မဇရုပ် ဖြစ်အံ့ ဈာနင် ၅-ပါး၊ ဥပေက္ခာသဟဂုတ် ပဋိသန္ဓေ ကမ္မဇရုပ် ဖြစ်အံ့ ဈာနင် ၄-ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ဝိရတိကြဉ် မဂ္ဂင် ၅-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့်ရင်း(၁၂)၊

(၂) ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် လေးပါး ပစ္စည်းတရားတို့၏ ယာဏာရဟ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိကြောင့်ရင်း(၅)၊

(၃) ပစ္ဆာဇာတပဋ္ဌမဘာဝင်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့်ရင်း(၄)၊

(၄) ကဗဠာပ်တူ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့၏ ရူပဇီဝိ တိန္ဒြိယ ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယအဝိဂတသတ္တိ ကြောင့်ရင်း(၃)၊

(၅) တိဟိတ်ဉက္ကဋ္ဌ ကာမကုသိုလ်ကံ ၄-ခု ပစ္စည်းတရား တို့၏ နာနာက္ခဏိကကမ္မသတ္တိကြောင့်ရင်း(၁) ဖြစ်ပေါ်တည် နေရကုန်၏။

(ဃ) ကာမတိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဟဒယဝတ္ထု ပစ္စ ယုပ္ပန်တရားတို့သည်(၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

| | |
|---|---|
| ၁–နာမ်သဟဇာတမျိုး | ၁၃၊ |
| ၂–ရုပ်သဟဇာတမျိုး | ၄၊ |
| ၃–ပစ္ဆာဇာတမျိုး | ၄၊ |
| ၄–ရူပဇီဝိတိန္ဒြိယမျိုး | ၃၊ |
| ၅–နာနာက္ခဏိကကမ္မ | ၁၊ |

ဤ ၂၅-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ပေါ် တည်နေရကုန်၏။

ဖြစ်ပေါ်တည်နေရပုံကား—

(၁) ကာမတိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားတို့သည် ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု၊ ဝိရတိ

အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ အစိတ် အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ(၇)၊

အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါး ပစ္စည်း တရားတို့၏ ဟေတုသတ္တိ၊ စေတနာပစ္စည်းတရားတို့၏ သဟ ဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ အာဟာရသတ္တိ၊ နာမ်ဇီဝိတိန္ဒြေ ဂ-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယ သတ္တိ၊

သောမနဿသဟဂုတ်ပဋ္ဌိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထုဖြစ် အံ့ ဈာနင်၅-ပါး၊ ဥပေက္ခာသဟဂုတ်ပဋိသန္ဓေကမ္မဇရုပ် ဟဒ ယဝတ္ထုဖြစ်အံ့ ပီတိကြဉ် ဈာနင် ၄-ပါး ပစ္စည်းတရားတို့၏ ဈာန သတ္တိ၊ ဝိရတိကြဉ် မဂ္ဂင် ၅-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ကြောင့်ရင်း (၁၃)၊

(၂) ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ အတ္ထိ အဝိဂတသတ္တိ ကြောင့်ရင်း (၄)၊

(၃) ပစ္ဆာဇာတပဋ္ဌမဘဝင် နာမက္ခန္ဓာပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့်ရင်း (၄)၊

(၄) ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားတို့၏ ရူပ ဇီဝိတိန္ဒြိယ ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယ အဝိဂတသတ္တိ ကြောင့်ရင်း (၃)၊

(၅) တိပဟိတ်ဥက္ကဋ္ဌကာမကုသိုလ်ကံ ၄-ခု ပစ္စည်းတရား တို့၏ နာနာက္ခဏိကကမ္မသတ္တိကြောင့်ရင်း (၁) ဖြစ်ပေါ်တည် နေရကုန်၏။

(င) ဟဒယဝတ္ထုမှတပါး ရူပပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန် တရားတို့သည် (၆) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ၊

၁-နာမ်သဟဇာတမျိုး ၁၂၊
၂-ရုပ်သဟဇာတမျိုး ၅၊
၃-ပစ္ဆာဇာတမျိုး ၄၊
၄-ရူပဇီဝိတိန္ဒြိယမျိုး ၃၊
၅-နာနာက္ခဏိကကမ္မ ၁၊

ဤ ၂၅-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ပေါ် တည်နေရကုန်၏။

ဖြစ်ပေါ်တည်နေရပုံကား—

(၁) ဟဒယဝတ္ထုမှတပါး ရူပပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန် တရားတို့သည် ရူပပဋိသန္ဓေ ၅-ခု၊ ဝိရတိကြဉ်သော စေတ သိက် ၃၅-အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟ ဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၆)၊

အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါး ပစ္စည်းတရား တို့၏ ဟေတုသတ္တိ၊ စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မ သတ္တိ၊ ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့၏ အာဟာရ သတ္တိ၊ နာမ်ဣန္ဒြေ ၈-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် သောမနဿသဟဂုတ်ပဋိသန္ဓေ ကမ္မဇရုပ်ဖြစ်အံ့ စျာနင် ၅-ပါး ၄-ပါး ၃-ပါး ၂-ပါး၊ ပဥ္စမစျာန်ဥပေက္ခာသဟဂုတ်ပဋိသန္ဓေ ကမ္မဇရုပ်ဖြစ်အံ့ ဥပေက္ခာ ဧကဂ္ဂတာ စျာနင် ၂-ပါး ပစ္စည်းတရားတို့၏ စျာနသတ္တိ၊ ပဌမစျာန်ပဋိသန္ဓေကမ္မဇရုပ် ဖြစ်အံ့ ဝိရတိကြဉ် မဂ္ဂင် ၅ ပါး၊ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဥ္စမစျာန် ပဋိသန္ဓေကမ္မဇရုပ်ဖြစ်အံ့ ဝိရတိ ဝိတက်ကြဉ် မဂ္ဂင် ၄-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့်ရင်း (၁၂)၊

(၂) ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ ယထာရဟ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိကြောင့်ရင်း (၄)၊

(၃) ပစ္ဆာဇာတပဌမဘဝင် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့်ရင်း (၄)၊

(၄) ကလာပ်တူရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့၏ ရူပဇီဝိ-တိန္ဒြိယ ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယ အဝိဂတသတ္တိကြောင့်ရင်း (၃)၊

(၅) ရူပကုသိုလ်ကံ ၅-ခု ပစ္စည်းတရားတို့၏ နာနာက္ခ-ဏိက ကမ္မသတ္တိကြောင့်ရင်း (၁) ဖြစ်ပေါ်တည်နေရကုန်၏။

(စ) ရူပပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားတို့သည် (၇) ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ၊

၁–နာမ်သဟဇာတမျိုး ၁၃၊

၂–ရုပ်သဟဇာတမျိုး ၄၊

၃–ပစ္ဆာဇာတမျိုး ၄၊
၄–ရူပဇီဝိတိန္ဒြိယမျိုး ၃၊
၅–နာနာက္ခဏိကကမ္မ ၁၊

ဤ ၂၅-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ပေါ်တည်နေရကုန်၏။

ဖြစ်ပေါ်တည်နေရပုံကား—

(၁) ရူပပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားတို့သည် ရူပပဋိသန္ဓေ ၅-ခု၊ ဝိရတိကြဉ်သော စေတသိက် ၃၅-အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ အညမည နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ (၇)၊

အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ၊ စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့၏ အာဟာရသတ္တိ နာမ်ဇ္ဈာနင်္ဂ ၈-ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ၊

ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် သောမနဿသဟဂုတ်ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထုဖြစ်အံ့ ဈာနင်ငါးပါး လေးပါး သုံးပါး နှစ်ပါး၊ ပဥ္စမဈာန် ဥပေက္ခာသဟဂုတ် ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထုဖြစ်အံ့ ဥပေက္ခာ ဧကဂ္ဂတာ ဈာနင်နှစ်ပါးပစ္စည်းတရားတို့၏ ဈာနသတ္တိ၊ ပဌမဈာန်ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထုဖြစ်အံ့ ဝိရတိကြဉ် မဂ္ဂင်

ငါးပါး၊ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဉ္စမစျာန် ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထုဖြစ်အံ့ ဝိရတိ ဝိတက်ကြဉ် မဂ္ဂင်လေးပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိကြောင့်ရင်း(၁၃)၊

(၂) ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ အတ္ထိ အဝိဂတသတ္တိ ကြောင့်ရင်း (၄)၊

(၃) ပစ္ဆာဇာတပဋမဘဝင် နာမက္ခန္ဓာ ပစ္စည်းတရား တို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိကြောင့်ရင်း (၄)၊

(၄) ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့၏ ရူပဇီဝိ တိန္ဒြိယ ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယ အဝိဂတသတ္တိ ကြောင့်ရင်း (၃)၊

(၅) ရူပကုသိုလ်ကံ ၅-ခု၊ ပစ္စည်းတရားတို့၏ နာနာက္ခ-ဏိကကမ္မသတ္တိကြောင့်ရင်း (၁) ဖြစ်ပေါ်တည်နေရ ကုန်၏။

အသညသတ်ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည်—

၁—ရုပ်သဟဇာတမျိုး ၅၊

၂—ရူပဇီဝိတိန္ဒြိယမျိုး ၃၊

၃—နာနာက္ခဏိကကမ္မ ၁၊

ဤ ၉-ပါးသော ပစ္စည်းတရားတို့ကြောင့်သာ ဖြစ်ပေါ် တည်နေရကုန်၏။

ဦးစံလှ-ဒေါ်မြမြကြေ-မိသားစုကောင်းမှု၊ စံလှစာပေ
အမှတ် (၁၇၀) ၂၈-လမ်း၊ ရန်ကုန်မြို့။ (အုပ်ရေ ၁၀၀၀)

ဦးစွန်-ဒေါ်ကြင်လှ-သားသမီးတစုကောင်းမှု၊ အမှတ် ၃၃၊
လမ်း ၃၀၊ ရန်ကုန်မြို့။ (အုပ်ရေ ၁၀၀၀)

ဦးမြင့်သိန်း-ဒေါ်ကျင်မွေး-သားသမီးများကောင်းမှု
သိန်းဆေးလိပ်ရုံပိုင်ရှင်၊ ပန်းလှိုင် ၂၁-လမ်း၊ ပဲခူးမြို့။
(အုပ်ရေ ၁၀၀၀)

ဦးသောင်းမြင့်-ဒေါ်ကြင်မြ-မိသားစုကောင်းမှု၊
မင်္ဂလာသောင်း ပုံနှိပ်တိုက်၊ လမ်း ၂၀၊ ပဲခူးမြို့။
(အုပ်ရေ ၂၀၀၀)